စိတ်ကူးချိုချိုအနုပညာ

# ချိန်း

ကျော်ဘိုဟာန်
(မန္တလေး)




မန္တလေးကိုပျံသွားသလား၊ တောင်ကျမြူတွေဆိုင်းခဲ့ပြီနှင့်ချိန်း

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ချိန်း

ချောအိမာန်(မန္တလေး)

ပထမအကြိမ်၊ ၂၀၂၀

ချိန်။ ချောအိမာန်(မန္တလေး)
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - မုတ်သုံ
စာမျက်နှာ ၈၆ + မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

# မာတိကာ


၁။ ချိန်း ၁

၂။ မန္တလေးကို ပျံသွားသလား ၄၀

၃။ တောင်ကျမြူတွေ ဆိုင်းခဲ့ပြီ ၅၇


❖


ချိန်း
(မန္တလေး)

## အခန်း (၁)

ည တိတ်ဆိတ်လွန်းတယ်…ညဥ့်နက်လာလေ ပိုတိတ်ဆိတ်လာလေ အိပ်မပျော်တဲ့အတူတူ ခုတင်ပေါ်ကနေ ညင်ညင်သာသာထရင်း ခန်းဆီးလိုက်ကာ ကာထားတဲ့ မှန်ပြတင်းပေါက်နားရပ်ပြီး မှောင်နေတဲ့ အပြင်ကို ငေးကြည့်နေမိတယ်။ အပြင်မှာ လေနည်းနည်းတိုက်တဲ့အရှိန်ကြောင့် သစ်ရွက်လေးတွေ လှုပ်ခတ်နေတယ်။

ခန္ဓာကိုယ်ပေါ်မှာ ညဝတ်အင်္ကျီ ဖြူလွလွက နေရာယူပြီး ခါးချည်နေရာက ကြိုးက ခပ်လျော့လျော့ဖြစ်နေလို့ ပြန်တင်းအောင် ချည်လိုက်တယ်။ မျက်စိတွေကို စုံမှိတ်ချလိုက်ပြီး ညဦးပိုင်းက ဘာတွေ ဖြစ်ခဲ့ကြသလဲ။ ဘာတွေဖြစ်သွားခဲ့ကြသလဲ။ အိပ်မက်လိုပါပဲ။

နှုတ်ခမ်းကို သပ်လိုက်မိတယ်။ ခြောက်သွေ့နေပြီး ဆေးလိပ်သောက်ချင်နေမိတဲ့စိတ်က တားဆီးမရ။ ဝရန်တာအပြင် မှန်တံခါးဖွင့်ပြီး ထွက်သောက်ရမလား။ ဒီအခန်းထဲသောက်ရင် အနံ့မွှန်ကုန်လိမ့်

မယ်။ လက်က စားပွဲခုံပေါ်တင်ထားတဲ့ စီးကရက်ဘူးဆီအရောက် ရပ်တန့်သွားတယ်။ ရေဖန်ချိုင့်ဆီကို အာရုံပြောင်းပြီး ရေဖန်ခွက်အပြည့် ငှဲ့သောက်လိုက်တယ်။ အနောက်ကိုလှည့်ကြည့်မိတော့ . . .

အိပ်ရာခင်းဖြူဖြူပေါ် ခွေခွေလေးအိပ်နေတဲ့ ကောင်မလေး။ ဆံပင်နီညိုရောင်တွေထဲ လက်ချောင်းဖြူဖြူသွယ်သွယ်လေး ထွေးရော ယှက်လို့။ ခေါင်ဖြူဖြူအောက်က ဖြူဝင်းမွတ်နေတဲ့ ခြေသလုံးသွယ်သွယ်၊ တင်းတင်းရင်းရင်း အသားအရေလေးနဲ့ မလှုပ်မယှက် ငြိမ်ငြိမ်လေး အိပ်ပျော်နေတဲ့ ကောင်မလေးက ဆွဲဆောင်မှုအပြည့်ပါ။

ချစ်လိုက်တာ...ချစ်လိုက်တာလို့ ညက တဖွဖွပြောမိခဲ့တယ်လို့ ထင်တယ်။ ပြူးကျယ်ဝိုင်းစက်သွားတဲ့ မျက်လုံးလေးက ပထမတော့ ရယ်တယ်။ နောက်တော့ အံ့သြတယ်။ သိပ်ကို အံ့သြသွားခဲ့တယ် မဟုတ်လား။

ကောင်မလေးကို အရင်တုန်းကလည်း နင့်ကို ငါချစ်တယ်လို့ ပြောခဲ့ဖူးပါတယ်။ ခုတစ်ကြိမ်က အရင်နဲ့မတူဘူး၊ မတူတော့ဘူး။ လုံးဝ မတူတော့ဘူး။ ဒါကို ဒီနေ့မှ ကောင်မလေး သိသွားခဲ့တာလေ။

ဖူးနေတဲ့ နှင်းဆီသွေးရောင် နှုတ်ခမ်းဖူးဖူးလေး ဟသွားတယ်။ အံ့သြနေတဲ့အကြည့်လေးနဲ့ တစ်သက်မမေ့နိုင် ဖွဲ့နေတဲ့ အဲဒီနှုတ်ခမ်းလေး ကို ထိန်းမရစွာဘဲ ဖိကပ်ပြီး နမ်းလိုက်မိတယ်။ နင် အရမ်းတုန်လှုပ် အံ့သြသွားတယ်။ ဟုတ်တယ်မဟုတ်လား။

အားရက် ငါတို့ ပြင်ဦးလွင် ညအိပ်တက်လာကြတာပါ။ မနေ့ က ငါတို့ အပြင်ကပြန်လာပြီး မိုးတွေမိလာကြတယ်။ ရေတွေစိုရွှဲနေပြီး နင့်ရဲ့ခန္ဓာကိုယ်ပေါ် ရေစိုကွက်နေတဲ့ အင်္ကျီကနေတစ်ဆင့် ကိုယ်လုံး လှလှလေးကို မှင်တက်ပြီးကြည့်နေမိတယ်။ နင်က အပေါ်အင်္ကျီကိုချွတ်၊ တဘက်ကိုယူပြီး ရေချိုးခန်းထဲဝင်သွားတယ်။ ခေါင်းတွေ ရွှဲနေတာမို့

ခေါင်းလျှော်လိုက်မယ်တဲ့။ နင်က ရေချိုးခန်းထဲရောက်မှ ငါ့ကိုအော်ခေါ်တယ်။ ငါလည်း ရေစိုအဝတ်နဲ့ပဲ ရှိသေးတယ်။ ရေပူတွေပဲ ထွက်နေလို့တဲ့၊ ရေချိုးခန်းထဲ ငါဝင်ခဲ့တယ်။ နင်က Shampoo တွေနဲ့မို့ မျက်စိမှိတ်ပြီး ခလုတ်တွေကို မှားလှည့်နေတာ။ ငါ လုပ်ပေးတော့ ရေပန်းက ရေအေးအေးလေးတွေရော ကျလာတယ်။ နင်က အင်္ကျီကို ချွတ်ထားပြီး စကတ်နဲ့ရင်ရှားသလို စကတ်ကို အပေါ် ဆွဲတင်ထားတယ်။ အောက်မှာ ခြေသလုံးအထက် ပေါင်ရင်းထိ စကတ်က ရောက်နေတယ်။

နင့်ရဲ့ ဖြူဖွေးနေတဲ့ လည်တိုင်၊ လည်ကုပ်လေးက ဝင်းဖန့်ပြီး ဆွဲဆောင်မှုအပြည့်ပဲ။ ရေစက်တွေ တဖွားဖွားအောက်မှာ နင်က ငါ့ကို ကြည့်ပြီး ချိုးချင်ချိုးလိုက်လေ အအေးမိနေလိမ့်မယ်တဲ့။ နင်က အေးအေးဆေးဆေးပြောပေမယ့် ငါက ရင်ခုန်တာတွေ မြန်လာတယ်။ ငါ့ကို နောက်ကျောပေးထားတဲ့ လည်ကုပ်သားလေးကို အရမ်းနမ်းချင်လာမိတယ်။

ငါ စိတ်တွေ လွင့်မျောသွားတယ်။ ရုတ်တရက် နင့်ကို အနောက်ကနေ သိုင်းဖက်လိုက်တယ်။ ရေစိုစိုခန္ဓာကိုယ်နှစ်ခု နီးကပ်သွားပြီး နင် ရုတ်တရက် လန့်တယ်၊ ရှန်းတယ် ဘာလုပ်တာလဲ မေးတယ်။ ငါ မဖြေချင်ဘူး။ လည်ကုပ်ဖြူဖြူလေးဆီ နောက်ကနေ အသာနမ်းလိုက်တယ်။ နင် တွန်းတယ်။ တစ်ခါ နှစ်ခါ သုံးခါ။ နင် မျက်နှာချင်းဆိုင် လှည့်လိုက်ပြီ။

နင့်ရဲ့ နှုတ်ခမ်းလေးဆီ အချိန်ကြာကြာ နမ်းမိသွားတဲ့အလျောက် ရှန်းအားလည်း လျော့ကျသွားတယ်။ နောက်ပြီး

နင့်ကို ငါချစ်နေတာလို့ ပြောမိသွားတယ်။ နင်က အံ့ဩတဲ့ မျက်လုံးလေးနဲ့ အရုပ်တစ်ရုပ်လို ငြိမ်သက်သွားတယ်။ အသက်ရှူသံ

ပြင်းပြင်းကိုကြားရပြီး နင့်ရဲ့ တစ်ခွန်းတည်းသောစကားက

'နင်က ငါ့ကိုချစ်နေတာ'ဟုတ်လားလို့ ပြန်မေးတယ်။

နင် မယုံနိုင်ဘူးဆိုတာ နင့်မျက်ဝန်းက သက်သေပြနေတယ်။ ငါချစ်တာကို ဒီနေ့ ဖော်ပြဖြစ်သွားတာကတော့ နင့်ကိုသိအောင်လုပ်ဖို့ မဟုတ်ဘူး။ ငါမထိန်းချုပ်နိုင်လို့။ ပြီးတော့ နင်နဲ့မဝေးချင်တော့လို့။

ရေစက်တွေကြားမှာ မျက်ဝန်းတွေ စိုလက်လာတယ်။ နင် စိတ်တွေပင်ပန်းသွားပြီး ခုလို ခုတင်ပေါ်မှာ အိပ်ပျော်သွားတာကို ငါ ကျေနပ်တယ်။ နင် အသိရှိသွားချိန်မှာ ငါ့ကို ခိုးခိုးကြည့်တယ်။ ပြီးတော့ ငါနဲ့ပတ်သက်သမျှကို နင်တွေးနေတယ် မဟုတ်လား။

ငါ နင့်ကို ခုမှမဟုတ်ဘူး၊ ဟိုးအရင်ကတည်းက ချစ်တာ။ ငါ့စိတ်ငါလည်း အံ့ဩမိပါရဲ့။

* * *

နေရောင်ခြည်နုနုက မျက်နှာပေါ်ကျရောက်သွားတော့ ကောင်မလေး မျက်နှာရှုံ့ရင်း နိုးလာတယ်။ ခန်းဆီးလိုက်ကာကို ဆွဲဖွင့်ရင်း...

'အိပ်ပုတ်ကြီးလိုက်တာ'

'နင် အစောကြီးနိုးနေတာလား'

'အင်း...ညကလည်း ကောင်းကောင်းအိပ်မပျော်ဘူး... နင်ကတော့ အိပ်လိုက်တာ သိုးနေတာပဲ'

'ငါတို့...ညက...ညက ဘာတွေဖြစ်ကုန်ပြီလဲ'

'ဘာဖြစ်တယ်ထင်လို့လဲ'

'နင်... ငါ အတည်မေးတာပါ'

'နင် တကယ်ပဲ အမှတ်မရတော့ဘူးလားဟင်'

'ငါလေ...ခေါင်းတွေချာချာလည်အောင်မူးရင်း အံ့ဩသွားတယ်'

'ဝိုင်ကြောင့် နည်းနည်းမူးသွားတာထင်တယ်'

'နင် တကယ်ပဲလားဟင်…နင့်စိတ်တွေ ဘယ်လိုပြောင်းလဲကုန်တာလဲ'

'မသိဘူး…ငါလည်း မသိဘူး…ဒါပေမဲ့ နင့်ကို ငါချစ်တာတော့ သိတယ်… ခုမှမဟုတ်ဘူး… ဟိုးအရင်ကတည်းက'

'မြတ်စွာဘုရားရေ…အမြဲတမ်း ငါ့နားရှိနေတဲ့နင်က ငါ့ကို ချစ်နေတာ'

'မယုံလို့လား'

'ဟုတ်တယ်၊…အိပ်မက်လိုပဲ မယုံနိုင်ဘူး'

'နင်က အရမ်းဖွံ့တဲ့မိန်းကလေးတစ်ယောက်၊ ငါက ဘယ်လိုလုပ်'

'ငါ အရမ်းအံ့သြတယ်၊ နင့်ရဲ့ပြောင်းလဲခြင်းကို'

'ငါလက်ခံပါတယ်၊ အဝေးရောက်သွားချိန်မှာလည်း ငါ အစားထိုးကြည့်တယ်၊ မတူဘူး'

'ဟုတ်လား…နင်ပြောမှပဲ အတွဲရှိခဲ့တယ်ပေါ့၊ နေတတ်လိုက်တာ…မသိခဲ့ရဘူးပဲ…ဘယ်လိုတွေ ပြတ်ကုန်တာလဲ'

'သူတို့အလို မလိုက်နိုင်ဘူးလေ၊ သူတို့က ငါ့ကို အတိုင်းအတာတစ်ခုလောက်ထိပဲ လက်ခံနိုင်တာလေ'

'နင် တကယ်ပဲ ဒီပြောင်းလဲခြင်းကို အမှန်လို့ လက်ခံထားတာလား၊ ဘယ်တော့မှ ထပ်မပြောင်းလဲတော့ဘူးလို့ ထင်လား'

'ထင်တာမဟုတ်ဘူး၊ သေချာနေတာ၊ ကိုယ့်ကိုယ်ကိုယ် သိတယ်လေ၊ ကိုယ့်ခံစားမှုက ဘယ်လိုရှိတယ်ဆိုတာကို ကိုယ်တိုင်သိတယ်…၊ ကိုယ့်ကိုယ်ကိုယ် အမြဲဆန်းစစ်ကြည့်နေဖူးတယ်'

'ငါ ခုထိ မယုံကြည်နိုင်သေးဘူး ဖြစ်နေတယ်…၊ ငါ ညက ဝိုင်ကြောင့် နည်းနည်းမူးတယ်…၊ နင် ငါ့ကို ဘာတွေလုပ်ခဲ့လဲ၊

အမှန်အတိုင်း ပြောပါ'

'ဘာမှမလုပ်ဘူး၊ ထိုင်ကြည့်နေတာ နင်က အရမ်းလှတယ် ပြီးတော့ အဖြူထည်လေးပါ…ငါ့ကြောင့် ညစ်နွမ်းသွားမှာလည်း စိုးမိတယ်၊ တစ်ခုတော့ ငါလုပ်တယ်'

'ဘာလဲဟင်'

'နင့်ပါးလေးကို ငါ့လက်နဲ့ ပွတ်သပ်ပေးမိတယ်…သုံးခါလောက်'

'နင်'

'အင်း…နင် တကယ်ပဲ ရည်းစားမထားခဲ့ဖူးသေးဘူးဆိုတော့ ငါယုံပါတယ်…ခုလောက်ပြောတာနဲ့ မျက်နှာက ရဲနေပြီ'

'ငါ့ဘဝအကြောင်းလည်း နင်သိသားပဲ၊ ရည်းစားမထားရဲဘူး…၊ ရှိလည်း မရှိပါဘူး'

'ငါ နင့်နှုတ်ခမ်းကိုနမ်းတော့ နင် အရမ်းတွန်းပစ်တယ်၊ နောက်တော့ ဘာလို့ငြိမ်သွားတာလဲ'

'ငါ့စိတ်ထဲ တစ်မျိုးပဲ၊ တလှပ်လှပ်နဲ့ ရင်ခုန်လာတယ်၊ ပြီးတော့ စိတ်က တစ်နေရာကို လွင့်မျောသွားသလိုပဲ၊ အဲဒါ ဘာလို့လဲ'

'ခံစားမှုအသစ်ပေါ့၊ နင်ကြိုက်တယ် မဟုတ်လား'

'နင်က ကောင်မလေးတွေကို နမ်းခဲ့မှာပေါ့'

'ဩော်… အတွဲပါဆို… ဒါပေမဲ့ ကြာပါပြီ…ခုတော့ နင်တစ်ယောက်တည်းကိုပဲ ချစ်တော့မယ်'

'ဟင်'

'ပြန်ချစ်မချစ် ဆိုတာထက် ငါ့အပေါ် စိတ်မပျက်သွားရင် ပြီးရော…၊ ကဲ ငါပြင်ထားတဲ့ ပေါင်မုန့်မီးကင်နဲ့ ကြက်ဥကြော်လေး စားလိုက်ဦး…၊ကော်ဖီလည်း အသင့်ဖျော်ထားတယ် ဓာတ်ဘူးထဲမှာ… ရေချိုးလိုက်ဦးမယ်နော်'

ယမုံ အတွေးပေါင်းစုံနဲ့ အခန်းထဲမှာ ကျန်နေမိတယ်။

သူက ရေချိုးခန်းထဲကို တဘက်ယူပြီး ထွက်သွားတယ်။ သူ့ဘော်ဒီက အပေါ်ပိုင်းက တော်တော်ထူးခြားတယ်။ ကစားထားလို့ လက်မောင်းကြွက်သားတော့ရှိတယ်။ ရင်ဘတ်နေရာ တကယ်ဘာမှမရှိ။ ပုံမှန်အမျိုးသားပုံစံအတိုင်း ခြေသလုံးမွေးရှည်တွေမရှိ။ အသားဖြူဖြူနူတ်ခမ်းရဲရဲ ဆံပင်ကေကေ နည်းနည်းရှည်ပြီး လှုပ်ရှားယိမ်းနွဲ့နေတယ်။

အရင်ပုံစံနဲ့တော့ တခြားစီ။ ပိန်ပိန်သွယ်သေးသေး ခန္ဓာကိုယ်လေး။ မျက်နှာပြောင်နဲ့ ပြောင်ချည်ထည်စင်း ခပ်မည်းမည်း အမှိုင်းရောင်တွေကို စပို့ရှပ်နဲ့တွဲဝတ်တာကို မျက်စိထဲ မြင်လာတယ်။

သူ့ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာ တက်တူးမရှိ။ သူ အင်္ကျီဝတ်ချိန်ကို မသိမသာ ချောင်းကြည့်လိုက်မိတယ်။ ခန္ဓာကိုယ်ကျစ်လျစ် ပြားကပ်သွားအောင် အောက်ခံအစွပ်လိုဟာမျိုး ဝတ်ပြီးမှ အပေါ်က မီးခိုးရောင်စပို့ရှပ်ကို ကောက်စွပ်လိုက်တယ်။

အိမ်နေရင်းမို့ ဒူးခေါင်းအထက်ရှိတဲ့ ဘောင်းဘီစိမ်းပြာရောင်ရင့်ရင့်လေးကိုဝတ်ပြီး ဘော်ဒီလိုးရှင်းကို ချိုင်းနဲ့နေရာအနှံ့ လိမ်းလိုက်တယ်။ ဆံပင်ရေစိုစိုကို လက်နဲ့ခါထုတ်လိုက်တယ်။ အခန်းထဲ ခုမှဝင်လာသလိုပုံစံ ဝင်လာတာမို့ မှန်ကြည့်နေရာကနေ သူက လှည့်ကြည့်ရင်း စားကောင်းလားလို့ သူကမေးတယ်။

'ကောင်းတယ်'

'ညကျရင် ဒီထက်အကောင်းဆုံး ပြုစုမယ်'

'ဟင်...ဘယ်လို'

'ဟင်းကောင်းကောင်း ချက်ကျွေးမယ်လေ'

'ဟင်...ထမင်းချက်လည်း ကျွမ်းတဲ့နင်က အိမ်ရှင်မဖြစ်ရမှာ'

'ကျွတ်...အဲဒါ အယူအဆမှားကြီး Europe မှာ စားဖိုမှူးတွေက

Man တွေအများဆုံး၊ အိမ်ရှင်ထီးတွေက ကိုယ်ချစ်တဲ့ မိန်းမကို ချက်ကျွေးရတာကိုက ဂုဏ်ယူစရာပါ…၊ ပိုလည်း တန်ဖိုးထားရာရောက်တယ်…၊ ဝါသနာပါတာလည်း ပါတာပေါ့၊ ခုလို ငါ့လက်ရာလေး ချက်ကျွေးခွင့်ရတာကို ပျော်နေတာ…၊ နင်ရော ပျော်လား'

'ပျော်ပါတယ်'

'ဒါဟာ ဘဝပဲ'

'ဘဝ'

'ဟုတ်တယ်… ဘဝတစ်ခုပဲ၊ နင့်ကို ဒီထက်ပျော်အောင် လုပ်ပေးစရာတွေ အများကြီးရှိတယ်…၊ လက်ခံပေးဖို့ တစ်ခုပါပဲ'

သူပြောတာတွေကိုပဲ ယမုံ နားထောင်နေမိတယ်။ တချို့အကြောင်းအရာတွေဆို နှစ်ခါလောက်မေးရတယ်။ သူသူမောင်ဟာ နိုင်ငံခြားမှာ နေခဲ့လို့လားမသိ။ သူ့အတွေး သူ့အပြောတွေက သိပ်ခေတ်မီတာပဲ။ ယမုံ တဖြည်းဖြည်းနဲ့ သူ့ကို သဘောကျလာတယ်။ သူက ပြောတယ်။

လူဆိုတာ အရွယ်ရှိသေးတဲ့အချိန်မှာ ကိုယ်လုပ်ချင်တာ လုပ်ခွင့်ရမှ လူဖြစ်ရတာ တန်တာတဲ့။ ယမုံ့လို အရွယ်လွန်အပျိုကြီးနဲ့ နေထိုင်ပြီး ဘွဲ့ရတစ်ယောက်ဖြစ်လျက်နဲ့ အိမ်တွင်းပုန်း၊ ဘုရားသွား ကျောင်းတက်ရမယ့်အရွယ် မဟုတ်သေးဘူးတဲ့။ လောကကြီးအကြောင်းလည်း သိဖို့လိုအပ်တယ်။ မေတ္တာတွေ ချစ်ခြင်းတွေနဲ့ ချစ်သူတစ်ယောက်တော့ ထားဖို့လိုအပ်တာပေါ့တဲ့။

ယမုံ့လို မိန်းကလေးမျိုးဆို ဘယ်သူနဲ့မှ သဘောမတူဘူး။ သူကပဲ စောင့်ရှောက်မယ်၊ ချစ်ချင်တယ်လို့ ပြောသေးတယ်။

ဒီလို ယုန်ဖြူလေးနားမှာ ကျားရဲတွေ အကပ်ခံလို့မဖြစ်ဘူး။ ယမုံက ရိုးသားလွန်းတယ်တဲ့။

ဟုတ်ပါတယ်။ ယမုံ သူနဲ့တွေ့မှ ထူးခြားဆန်းပြားတာတွေ ယမုံကိုယ်တိုင် သိနေခဲ့တာတွေက အသိမှားတွေပါလားဟု သိခဲ့ရတာတွေ အများကြီးပဲ။

အဲဒီည သိပ်အံ့ညြထူးခြားဆန်းကြယ်တဲ့ ကမ္ဘာတစ်ခုကို ရောက်သွားသလို ဟင်းလင်းပြင်ထဲက ဂလက်ဆီတန်းတွေကို တွေ့လိုက်ရသလို။ ခဏနေ လွင့်မျောနေတဲ့စိတ်က ဦးတည်ရာမဲ့။ သူတိုက်တဲ့ အေးသာယာ ဝိုင်ပုလင်းလေး နှစ်ယောက်သောက်ပြီးချိန်မှာ စကားတွေ ကောင်းလာသလို သူက ပခုံးကို လာဖက်တယ်။ သူ့ခန္ဓာကိုယ်ကို တင်းတင်းကျပ်ကျပ် ပြန်ဖက်မိလိုက်တယ် ထင်ပါတယ်။

ရယ်သံတွေ လွှမ်းခြုံလာပြီး နွေးလာတယ်။ သူက ဆံဖျားလေးတွေကို တရှိုက်ရှိုက်နမ်းရင်း ရှန်ပူနံ့လေး မွှေးနေတာပဲလို့ ခပ်တိုးတိုးပြောတာ မှတ်မိတယ်။ နောက် . . .

ဘယ်တုန်းကမှ မရောက်ဖူးတဲ့ ကမ္ဘာတစ်ခုဆီကို သူက ဆွဲခေါ်သွားခဲ့တယ်။

အဲဒီအချိန်ကစပြီး မနူးမနပ် အထိအတွေ့ လုံးဝကင်းစင်ခဲ့တဲ့ ယမုံမြေဟာ သူ့သူမောင်ကို စွဲစွဲလမ်းလမ်း ချစ်မိသွားပါတော့တယ်။

❖

## အခန်း (၂)

ယမုံက အဖေ အမေမရှိ။ တီလေးနဲ့နေထိုင်တာမို့ တီလေးကို တော့ ကြောက်ရတယ်။ ယမုံ့အမေ ဆုံးတော့ အမေ့ညီမ တီလေးက အပြီးမွေးစားခဲ့တာ။ ယမုံက မိဘမဲ့တစ်ဦးမို့ စည်းကမ်းရှိရှိနဲ့ ဆုံးမခဲ့တာ တွေကို ခုထိ မှတ်သားနာယူရတုန်း။ တီလေးကို ချစ်လည်းချစ်တယ်။ ဘာသာတရားကိုင်းရှိုင်းသူဖြစ်တာကြောင့် တီလေးနဲ့အမြဲ ဘာသာရေး လုပ်၊ ဥပုသ်စောင့်နဲ့သီလကို အမြဲထိန်းသိမ်းခဲ့တာ။ ပြီးခဲ့တဲ့နှစ်က အဖေအမေအတွက် ကုသိုလ်ရအောင် မယ်သီလရှင် ဝတ်ဖြစ်ခဲ့တယ်။ သုံးလတိတိ။

ငယ်စဉ်ကတည်းက တီလေးအဆုံးအမတွေကြား နေလာရသူမို့ ယမုံ့မှာ ရည်းစားလည်းမရှိပါ။ ယမုံကိုယ်တိုင်ကလည်း ထားဖို့စိတ်ကူး မရှိ။ တက္ကသိုလ် UFL အင်္ဂလိပ်မေဂျာတက်တော့ တစ်တန်းတည်း သူသူမောင်နဲ့ ခင်ခဲ့တယ်။ ရင်းနှီးတဲ့ အတန်းဖော်လေး။ အကူအညီ လည်း ရတယ်။ အဲဒီအချိန်တုန်းက သူက Tom Boy လည်းမဟုတ်။

မြန်မာဝတ် ဝမ်းဆက်လေးတွေတောင် တစ်ခါတစ်ရံ ဝတ်တတ်သေးတာပဲ။ သနပ်ခါးလည်း လိမ်းတတ်ပါတယ်။ ကျောင်းကနေ တောင်ကြီးခရီးစဉ်လည်း အတူထွက်ဖြစ်သေးတာပဲ။ ဒီလိုနဲ့ ကျောင်းပြီးတော့ စင်ကာပူမှာ ကျောင်းသွားတက်သေးတယ်။ ဒစ်ပလိုမာရတယ်ဆိုပြီး နှစ်တော်တော်လေး ကြာမယ်ထင်တယ်။ အဆက်အသွယ် ပြတ်သွားတယ်။

မန္တလေးရဲ့ ရပ်ကွက်ချင်းနီးတဲ့ အတန်းဖော် သူသူမောင်က မထင်မှတ်ချိန်မှာ ပြန်ရောက်လာပြီး အဆက်အသွယ်ပြတ်သလို ဖြစ်ရာကနေ ပြန်ဆက်သွယ်လာပြီး ယမုံနဲ့ ပြန်တွဲဖြစ်လာတယ်။ ခုပြန်တွေ့တော့ အရင်နဲ့မတူ ချောလာတယ်။

မထင်မှတ်ထားတဲ့ သူ့ရဲ့ပြောင်းလဲမှုနဲ့ ယမုံ့ပေါ်ထားတဲ့ သဘောထား၊ အထိအတွေ့တွေ ပြန်စဉ်းစားတိုင်း ယမုံကိုယ်တိုင် မယုံနိုင်အောင် ဖြစ်လာရစမြဲ။

ယမုံ အရင်ကသိခဲ့တဲ့ ယောကျ်ားစိတ်ပေါက်နေတဲ့မိန်းကလေးနဲ့ အတွဲတွေ့တိုင်း လိုက်ကြည့်ပြီး နှာခေါင်းရှုံ့မိတယ်။ အခုတော့ လုံးဝမသိသာလှတဲ့ သူသူမောင်ရဲ့ပြောင်းလဲခြင်းကို အိမ်တစ်အိမ်ထဲရောက်ပြီး ညအိပ် အတူနေခဲ့ရမှ လက်ခံလိုက်ရတာပဲ။

ယမုံ့ကို သူက တကယ်ချစ်နေတာတဲ့။ သူက လူရှေ့မဟုတ်ရင် 'မောင်'လို့ ခေါ်ပါတဲ့။ ယမုံက သူသူလို့ ကျောင်းမှာကတည်းက ခေါ်ခဲ့တာ။ ယမုံ ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားမိတယ်။ သူသူ့ကို ချစ်မိသွားတာကို ပြန်စဉ်းစားမိတိုင်း ရင်ခုန်နေတယ်။ သူသူ့ကို ဘယ်လိုချစ်မိသွားတာလဲ။ ဘာဖြစ်လို့ ချစ်မိသွားတာလဲ။ ဒီရက်တွေမှာ ယမုံ အလုပ်ကို ကောင်းကောင်းမလုပ်နိုင်။ တရားထိုင်တဲ့အခါ အာရုံတွေ ပျံ့လွင့်လာတတ်သလို တီလေး မရိပ်မိအောင် မနည်း နေထိုင်နေရ

တယ်။

ယမုံ ပြင်ဦးလွင်က ပြန်လာကတည်းက စိတ်တွေက မငြိမ်၊ သူသူက အိမ်ကိုလာရင် တီလေးရှေ့မှာမို့ မိန်းကလေးပုံစံ ဝတ်စားနေထိုင်တယ်။ တီလေးက လုံးဝမရိပ်မိသလို သူပြောင်းလဲတာ တီတီသိရင် ယမုံ့ကို ဘယ်စိတ်ချမလဲ။ သူနဲ့မပေါင်းခိုင်းဘဲ နေမှာပေါ့တဲ့။ ဒါတော့ ဟုတ်တယ်။ စည်းကမ်းကြီးတဲ့တီလေးကို ယမုံကြောက်ရတယ်။ ယမုံ့ကို အခုချိန်ထိတော့ တီလေးစကား နားထောင်ပြီး ရည်းစားမထားတာ၊ အပေါင်းအသင်းတွေ သိပ်မများတာကို တီလေးက သဘောကျအမှတ်ပေးလျက်ပင်။

တီလေးကလည်း မိဘတွေရှိကတည်းက သေသေသပ်သပ် သူများပြောစရာမရှိအောင် နေလာခဲ့တာ။ ယမုံတို့ကိစ္စကို သိလို့မဖြစ်။ ယမုံက ကလေးဘဝကတည်းက မိန်းကလေးကျောင်း တက်ခဲ့ရပြီး ယောကျ်ားလေးတွေနဲ့ အဆက်ဆံမရှိသလောက် ရှားတယ်။ ယမုံ့ကို ကြိုက်တဲ့သူများက တီလေးကြောက်လို့ ရှောင်ကြရှားကြနဲ့ အပျိုကြီးပီပီ ပစိပစပ်က များလွန်းတယ်။ ဘာသာရေးကို နံပါတ် ၁ ဂရုစိုက်လွန်းသူပီပီ ယမုံ့ကိုလည်း သူ့လိုပဲဖြစ်အောင် ပုံသွင်းခဲ့တယ်။ ယမုံကလည်း စိတ်ပါလက်ပါနဲ့ တီလေးနဲ့အတူ တရားစခန်းဝင်။ ဘယ်အပျော်အပါးမှ ခေါင်းထဲ မရှိခဲ့။

ပြင်ဦးလွင်၊ ဖားအောက်တရားရိပ်သာမှာ ကျောင်းဆောင်လှူဒါန်းပြီး တရားထိုင် ကုသိုလ်ပြုခဲ့ကြတယ်။ ဧပြီလတွေရဲ့ သင်္ကြန်ရက်တွေဆို ဖားအောက်တရားစခန်းမှာ နှစ်စဉ်မပြတ် ငယ်စဉ်က လေ့လာမှတ်သားမှုတွေက ပါရမီကြောင့်လား။ မလှုပ်မယှက် တရားထိုင်ခြင်း နှစ်နာရီဟာ ယမုံအတွက် အခက်အခဲမတွေ့စေခဲ့။

'တော်လိုက်တာ ငါ့တူမလေးက...တရားထိုင်တာ တစ်ချက်မလှုပ်

ဘူး'ဆိုတဲ့ တီလေး ချီးကျူးသံနဲ့ အတူထိုင် ဆရာလေးများရဲ့ ချီးကျူးသံကို ကြားခဲ့ရတယ်။ စိတ်ဘဝင်မှာ ပီတိဖြစ်လို့ ဒီထက်ကြိုးစားချင်စိတ်တွေ တရိပ်ရိပ်တက်ခဲ့တယ်။ မနှစ်ကတော့ ဧပြီတစ်တွင်းလုံး စစ်ကိုင်းမှာ သီလရှင်ဝတ်ဖြစ်တယ်။

'ဆရာလေးက သီလရှင်ဝတ်စုံနဲ့ သိပ်ကိုကြည့်ကောင်းတာပဲ ဆရာလေးက ပညာကလည်းတတ်တော့ မှတ်မိလွယ် သိလွယ် တတ်လွယ်တယ်...၊ ဒီကျောင်းက ဆရာလေးပေါက်စတွေကို စာသင်ပေးပါလားလို့ အကူအညီတောင်းချင်တာ ဆရာကြီးက'

တိုက်အုပ်ဆရာကြီးက အကူအညီတောင်းလာတော့ မငြင်းနိုင်ဘဲ သီလရှင်ပေါက်စတွေရဲ့ ဆရာလေး ဖြစ်သွားရော။

စစ်ကိုင်းချောင်စာသင်တိုက် မြနန်းဘုံစံကျောင်းမှာ သုံးလတာ ဆက်ဝတ်ရင်း စာချဆရာလေးလို့တောင် ခေါ်လာကြတယ်။ တစ်ရက်တစ်ရက် မနည်းဘူး။ အလွတ်အကူအညီနဲ့ သင်ကြားပေးခဲ့ရတယ်။

ဒီလိုနဲ့ ယမုံ့ဘဝဟာ အေးချမ်းပြီး အပြောင်းအလဲ သိပ်မရှိခဲ့ပါဘူး။ ဘွဲ့ရရင် အလုပ်တစ်ခုလုပ်မယ်လို့ စဉ်းစားရင်က အလိုလောဘလည်း မရှိ။ စိတ်ဆိုတာ ယောက်ယက်ခတ်ဖို့ ဝေးလို့ တရားစာအုပ်လေး ဖတ်လိုက်၊ သမာဓိရအောင် ကျင့်ကြည့်လိုက်နဲ့ တီလေးက ပြောတယ်။

တီလေးကိုပစ်ပြီး မယ်သီလရှင် အပြီးဝတ်မသွားနဲ့ဦးနော်တဲ့။

* * *

'ယမုံ...ဒီနှစ်သင်္ကြန်ကိုတော့ တရားစခန်းမဝင်ပါနဲ့တော့ ယမုံ့ဘဝ သိတတ်ခါစကတည်းက အပျော်ဆိုတာနဲ့ ဝေးကွာခဲ့တာ မဟုတ်လား ဒီနှစ် မောင်နဲ့အတူ လျှောက်လည်ရအောင်၊ ဒါက နံပါတ် ၁၊

နံပါတ် ၂ က ယမုံ့အိမ်ကို ဝင်ထွက်နေတဲ့ မင်းထက် ဆိုတဲ့ကောင် ကြည့်မရဘူးနော်...၊ သူက ဘယ်ကကောင်လဲ'

'အဲဒါ တီလေးမိတ်ဆွေရဲ့ သားပါ...၊ စိတ်ချပါ... ခင်တောင် မခင်ဘူး...၊ ယမုံ စိတ်မဝင်စားဘူး...၊ ဒါက တစ်အချက်၊ နှစ်အချက်... သကြ်န်ကို တစ်ခါမှမလည်ဖူးတော့ တီလေးက စိတ်ချပါ့မလား...၊ ကြောက်တယ်'

'လမ်းလျှောက်သကြ်န်လေ၊ ဘာကြောက်စရာရှိလဲ ပြီးရင် ဆိုင်ကယ်စီးမယ်၊ ယမုံ သဘောကျပြီး ပျော်သွားစေရမယ်၊ အဲဒီ့ တီလေးက ယမုံ့ကို အိမ်ထဲမှာထားတာမျိုး မကြိုက်ပါဘူး...၊ အပြင်ထွက်မှ လူတွေအကြောင်း သိမှာပေါ့။ ဗဟုသုတတွေ စိတ်လွတ်လပ်ခြင်းတွေ ရမှာပေါ့ ပြီးတော့ မောင်နဲ့သွားတာ ဘာလို့စိတ်မချမှာလဲ'

'ဒါတော့ဟုတ်တယ်...တီလေးက မောင်နဲ့ဆို စိတ်ချတယ်။ အဲဒီမောင် ဘယ်လောက်ဆိုးတယ်ဆိုတာ သူမှ မသိတာ'

'ယမုံနော် ချစ်လို့ဆိုးတာပါ...ယမုံက တကယ်တော့ ယုန်ဖြူလေးပါ'

'ယုန်ဖြူ'

'ဟုတ်တယ်၊ ဖြူစင်နူးညံ့နေတဲ့ ချစ်စရာယုန်ဖြူလေး'

'ဒါဆို မောင်ကရော'

'မောင်က ကျားဖြူ'

'ကျားဖြူနဲ့ ယုန်ဖြူပေါ့ ဟုတ်လား... ကျားဆိုတော့ အသားတော့ စားမှာပဲနော်'

'ဘယ်ကျားမှ ဥပုသ်မစောင့်ဘူးလေ'

'ပြောတတ်လိုက်တာ'

'မတွေ့ရတာ ကြာပြီနော်...မောင်တို့ချစ်သက်တမ်း ဘာလိုလိုနဲ့

ငါးလပြည့်တော့မယ်'

'ဟုတ်တယ်နော်၊ သစ္စာမပျက်ကြေး'

'သီချင်းလား'

'ဟွန်း…ပြောင်နောက်နောက် မလုပ်နဲ့…ယမုံက ဘယ်သူ့ကိုမှ ချစ်ဖူးတာမဟုတ်ဘူး'

'သိပါတယ်…ယင်ဖိုတောင် မနားဖူးဘူးဆိုတာ ယမုံမှအစစ် ယမုံ့အချစ်ကို ယုံပါတယ်'

'မောင်…တကယ်လို့ တီလေးသိသွားရင် ဘယ်လိုလုပ်မလဲ'

'ဘယ်လိုလုပ်သိမှာလဲ ယမုံရဲ့၊ တို့တွေက သူများအတွဲတွေလိုမှ မဟုတ်တာ'

'အင်း…ဟုတ်တယ်နော်၊ တီလေးကလည်း ယမုံ့ဆို သိပ်ကို စိတ်ချယုံကြည်တာ၊ ဒီနှစ်သင်္ကြန် တရားစခန်း ယမုံ မဝင်မှာကိုတော့ တော်တော်ပြောယူရမယ်ထင်တယ်'

'ယုန်ဖြူလေးရဲ့အစွမ်းကို ကြည့်မယ်လေ'

❖

## အခန်း (၃)

တီလေးကို အရဲစွန့်ပြောလိုက်တဲ့အခါ တီလေးဆီက အဖြေက အဓိပ္ပာယ်မဲ့လွန်းတယ်တဲ့။ နှစ်တိုင်း တရားစခန်းကို စိတ်ပါလက်ပါ ဝင်နေကျ။ ဟိုမှာလည်း စာသင်ပေးတဲ့ ဆရာလေးပေါက်စတွေ မျှော်နေမှာတဲ့။ ယမုံ သက်ပြင်းချလိုက်ပြီး၊ မဖြစ်တော့ ဒီနှစ်တော့ ရအောင်ကို ပြောမှဖြစ်မှာ။ မဟုတ်ရင် မောင်က စိတ်ဆိုးမှာ။ ယမုံကိုယ်တိုင်ကလည်း မောင်နဲ့အတူ သွားလည်ချင်စိတ်တွေ ပြင်းပြနေတာ။ မောင်ပြောသလို လူငယ်ပဲလေ ယမုံပျော်ချင်တာပေါ့။

'ယမုံရယ်...ဘယ်တုန်းကမှ သင်္ကြန်အပျော်ကို စိတ်မဝင်စားတာ ဘယ်လိုဖြစ်တာလဲအေ'

'ယမုံ တစ်နှစ်မှ မကြုံဖူးဘူးလို့ပါ...ပြီးတော့ လမ်းလျှောက် သင်္ကြန်က အန္တရာယ်ကင်းပြီး ပျော်ဖို့ကောင်းမှာ...ဒီတစ်နှစ်ပါ တီလေးရယ် နော်... နောက်နှစ်တွေကျ တီလေးစိတ်ကြိုက် ဖြစ်စေရမယ်...ယမုံ့

ဘဝမှာ တစ်ခါမှ သကြန်မလည်ဖူးလို့ပါနော်'

'သူသူမောင်က လိုက်ပို့မှာလား'

'ဟုတ်တယ်၊ စိတ်ချပါ တီလေး...ယမုံတို့က လည်ချင်ရုံပါ... ယမုံ အခုအရွယ်အထိ သကြန်ဆိုတာ တစ်ခါမှ မကြုံဖူးဘူးလေ'

'အင်းပါအေ...ဒီလောက်ပြောနေလို့ ဒီတစ်နှစ် ခွင့်ပြုလိုက်မယ် ဟိုကနေ နောက်ဆံမတင်းချင်ဘူး...သူသူမောင့်ကို ခေါ်အိပ်လိုက်၊ မိန်းကလေးနှစ်ယောက်တည်းဆိုတော့ အိမ်သော့ သေချာခတ်...၊ ယမုံက ရေစိုစို လည်ကျင့်မရှိတော့ သိပ်အကြာကြီး မလည်နဲ့... ခေါင်းကို ရေမြန်မြန်ခြောက်အောင်လုပ်ပြီး ဆေးသောက်နော်'

'ဟုတ်...ဟုတ် တီလေး...ပျော်လိုက်တာ'

'သကြန်လည်ဖို့ ဒီလောက်တောင်ပျော်ရလား ယမုံရယ်'

'ယမုံမှ မကြုံဖူးတာ တီလေးရယ်'

'အင်း...ဒါလည်း ဟုတ်ပါတယ်...အမူးသမားတွေကို ရှောင်နော်'

'ဟုတ်...သူသူမောင်က သကြန်အထာ သိပါတယ်'

'အင်း...ပြီးရော၊ ငါ့နှယ် ဟိုက ဆရာကြီးတော့ တောင်းပန်ရတော့မှာပဲ'

'ယမုံ့အစား တီလေး သင်ပေးလိုက်ပါလား'

'ယမုံလောက် အသင်အပြ မကောင်းဘူး'

'ဆရာတော်ဘုရားကြီးကိုလှူဖို့ ဝယ်ရဦးမယ်'

'လိုက်ခဲ့ပေးမယ်လေ'

'ရတယ်၊...ဒီနေ့ တီလေးမိတ်ဆွေနဲ့ ချိန်းထားတယ်၊ သူနဲ့ သွားလိုက်မယ်'

'ဟုတ်...ဟုတ် တီလေး'

* * *

'ဟေး…ငါ့ယုန်ဖြူလေးက ဘယ်ဆိုးလို့လဲ'

'ဒါပေမဲ့ ဒီတစ်နှစ်ပဲတဲ့'

'ဘာဖြစ်လဲ…ဒီနှစ်ရဖို့ အရေးကြီးတာ… ယမုံ့လက်ကိုဆွဲပြီး လည်လို့ရပြီကွ'

'လည်ရုံ ဘယ်ဟုတ်မလဲ… ယမုံနဲ့ ညပါ အတူလာအိပ်ပေးရမှာ'

'ဟာ…တကယ်'

'တကယ်၊ စိတ်မချလို့တဲ့'

'တီလေး တော်တယ်ကွာ…အိမ်ရော လူရော အပ်ခဲ့တာ စိတ်ချလို့'

'ဟွန်း…အပျော်လွန်နေ'

'ပျော်တာပေါ့ ယမုံရယ်…ကိုယ်ချစ်ရသူနဲ့'

'ကဲ…ဒါပဲနော်…ဖုန်းချလိုက်တော့မယ်'

'အိုကေ…ဆီးယူ ယမုံ'

'ဘိုင့်…ဘိုင့်'

* * *

ယမုံနဲ့ သူသူမောင်ရဲ့ မထင်မှတ်ဘဲ အဆင်ပြေခြင်းတွေကို မယုံနိုင်အောင် ကြုံတွေ့ရလိမ့်မယ်လို့ မထင်ခဲ့။ ယမုံက အိမ်မှာ အချက်အပြုတ်ကျွမ်းကျင်သူ မောင်နဲ့အတူ တစ်မိုးအောက်မှာ ဘေးပတ်ဝန်းကျင် အမြင်မှာလည်း တင့်တယ်လို့။ ယမုံ့အခန်းလေးက အံ့သြဆန်းကြယ်မှုတွေနဲ့။ မောင်လက်ဆောင်ပေးတဲ့ နှင်းဆီပန်းတွေ အပွင့် ၁၅၀၀ ပန်းစည်းကြီးက အိပ်ရာပေါ် လှပစွာနေရာယူပြီး မွှေးကြိုင်နေတယ်။ ယမုံ့တစ်သက်မှာ တစ်ခါမှမရဖူးတဲ့ အပြုအမူ အမှတ်တရတွေကို မောင်က ဂရုတစိုက်လုပ်ပေးတယ်။ ဧည့်ခန်းမှာလည်း

နှင်းဆီပန်းအိုး ထိုးထားတယ်။

အထိမ်းအမှတ်တဲ့။ နှင်းဆီပန်းစည်းပေးရင်း ရှိဆန်တဲ့အပြုအမူတွေကြောင့် ယမုံက ဟင်းကောင်းကောင်းချက်ကျွေးတယ်။ ယမုံ မောင့်အပေါ် မိန်းကလေးတစ်ယောက်လို့ ခံစားချက်မရှိတော့။ ကိုယ့်ရဲ့အိမ်ထောင်ဦးစီးတစ်ယောက်လို ပြုစုခွင့်ရတာကို ကျေနပ်ပီတိဖြစ်နေမိတယ်။

မောင်က အပြင်ထွက်ရင် မိန်းကလေးလို ဝတ်တယ်။ မျက်နှာတော့ ဘာမှမလိမ်း။

'မိန်းကလေးအဝတ်အစားဝတ်ပြီး မျက်နှာက မလိမ်းမခြယ်နဲ့'

'တော်ပါပြီ…ဒါတောင် မြန်မြန်လဲချင်လှပြီ'

'လာပါ…ခရင်ခ်ပတ်လေးတော့ နည်းနည်းတို့ရမှာပေါ့ ယမုံလုပ်ပေးမယ်'

သူ့မျက်နှာနားတိုးပြီး မျက်နှာနည်းနည်းဖွေးအောင် တို့ပေးလိုက်တယ်။

အိပ်ရာပေါ်ထိုင်နေတဲ့မောင်က ယမုံ့ခါးကို ဖက်ထားလိုက်တယ်။

'ဒီခါးသေးသေးလေးကို တအားချစ်တာ'

'ဟွန့်…အကျီတွေကြေကုန်မယ်'

'အဟုတ်ပြောတာ…တချို့ကျ မျက်နှာကလှပါလျက်နဲ့ ခါးတုတ်ကြီးတွေ ရုပ်ဆိုးတယ်၊…ယမုံကကျ ခါးကသေးသေးလေး ဖက်လို့လည်း ကောင်း'

'ကဲ…ဟုတ်ပါပြီ…သွားကြစို့'

'အင်း…မျက်နှာကို မှန်ကြည့်ဦးမယ်'

မောင်က မှန်ကိုကြည့်လိုက်ပြီး စပို့ရှပ်အဖြူနဲ့ အနက်စင်းလေးကို ရှေ့နောက် ဆွဲချလိုက်တယ်။ မောင့်ရဲ့ခန္ဓာကိုယ်က ဘောင်းဘီဝတ်

ရင် ပိုကြည့်ကောင်းတယ်။ ခုတော့ ပုဆိုးလိုလို ထဘီလိုလို စပ်ကျား အဆင်လေး။ ရေစိုနေတဲ့ သူ့ရဲ့ ကေလန်လန်လေးကို နောက်လှန်ဖြီး လိုက်တယ်။

'မိုက်ပါတယ်ကွယ်'

'ဩော်...ကိုယ့်အချစ်နဲ့ ဈေးဝယ်ထွက်ရမှာဆိုတော့ မိုက်ရမယ် လေ'

'တခြားကောင်မလေးတွေ ကြွေမှာတောင် စိုးရိမ်နေရတယ်'

'ယမုံကလွဲပြီး ဖွဲနဲ့ဆန်ကွဲပါ'

မောင့်ရဲ့ အပြုံးနဲ့ အပြောတွေကြောင့် ရင်မှာ တသိမ့်သိမ့်။ ယမုံဆိုတာကလည်း တကယ့်ကို အခုမှ ဥခွံထဲက ပေါက်ခါစ ချစ်စရာ ဘဲဘီငှက်ပေါက်စလေးလို မဟုတ်လား။ မောင်ဘာပဲပြောပြော ချစ်စရာ ကောင်းနေတော့တာ။ ယမုံ မောင့်ကို တော်တော်ကြီးကို ချစ်မိလာတာ သေချာတယ်။

ယမုံ့အကြိုက်တွေကို သူ ကောင်းကောင်းသိသလို၊ သူ့အကြိုက် တွေကို ယမုံ ကောင်းကောင်းသိလာတယ်။ ဈေးဝယ်အိတ်ထဲမှာ ကိုယ့် အကြိုက်တွေထက် သူ့အကြိုက်တွေပဲ ဖြစ်နေတတ်တာက ယမုံ သူ့ အပေါ် စေတနာတွေ ပိုမိနေလို့ပါ။ တီလေးနဲ့ ဈေးဝယ်ထွက်ရင် ဝယ်ချင်တဲ့ပစ္စည်းအရောင်းဆိုင်ကို တည့်တည့်ကြီးသွားတော့တာပဲ။ ဘယ်မှ ငေးခွင့်မရ။ မဝယ်ဘဲနဲ့ ကြည့်ရတာကို ဝါသနာမပါလေတော့ ဝယ်ချင်ရာဝယ်ပြီး ပြန်ရုံပဲ။ ခုတော့ ယမုံငေးချင်တာ ငေးခွင့်ရသလို စားချင်တာလည်း စားခွင့်ရတယ်။ ပြီးတော့ ရုပ်ရှင်ပါ ဝင်ကြည့်လိုက် သေးတာ။

တီလေးက ခုခေတ်ဗမာကား အရည်မရ အဖတ်မရတွေ ကြည့် တာ မကြိုက်ဘူး။ သူဝယ်တဲ့ နိုင်းတီးဝှမ်းတီးကကားတွေပဲ ပျင်းလည်း

ထိုင်ကြည့်ရတာ။

ဘုရားကားတွေ ပါသလို။ ဂျိန်းစဘွန်း (၀၀၇) ရောဂျာမိုးကားတွေပါရဲ့။ ယမုံက တစ်ခါတလေတော့ ခုလို ရုံမှာကြည့်ချင်တာပေါ့။ ဘာပဲဖြစ်ဖြစ် ကြည့်လို့ကောင်းတယ်။ ဇာတ်ကားနာမည်က မုဒြာခေါ်သံတဲ့။ နာမည်ကြီးနေတဲ့ဇာတ်ကားကို ကြည့်ခွင့်ရလို့ မောင့်ကို ကျေးဇူးတင်မိတယ်။

ရုပ်ရှင်ရုံဆိုတာ ဒီလိုဆန်းသစ်နေတာတောင် ယမုံမသိဘူး။ ပြောင်းဖူးပေါက်ပေါက်လေးစားရင်း ကြည်နူးစရာ အချိန်လေးများပါပဲ။ သကြန်မပိတ်ခင်ဆိုတော့ စည်လိုက်တာ လူတွေက အများကြီးပဲ။ အငေးလွန်နေတဲ့ ယမုံ့ကို မောင်က သနားလိုက်တာ ငါ့ယုန်ဖြူလေး ခုမှ လှောင်ချိုင့်ထဲက ထွက်ခွင့်ရသလိုပဲတဲ့။

ပြောလည်းပြောချင်စရာပါ။ မောင်က ဈေးချနေတဲ့ လူရှုပ်ရှုပ်ထဲ လက်ဆွဲတိုးဝင်ရင်း အင်္ကျီ အနီ အပြာ စပို့ရုပ်ဆင်တူလေးတွေ ဝယ်လိုက်တယ်။ သကြန်ဝတ်ရအောင်လို့တဲ့။ အင်္ကျီမှာပါတဲ့ စာတန်းလေးတွေကို ဖတ်ရင် ယမုံပျော်မိတယ်။

ညနေကျ ကျုံးဘေးတစ်လျှောက် မီးအလှဆင်ထားတဲ့မဏ္ဍပ်တွေ၊ စတုဒီသာ ကျွေးမယ့်နေရာတွေကို လမ်းလျှောက်ရင်း ကြည့်ကြတယ်။

'မောင်…ခုကတည်းက အရမ်းစည်နေပြီနော်'

'ဟုတ်တယ်လေ…မနက်ဖြန်ပဲ အကြိုနေ့ရောက်နေပြီ'

'ပျော်စရာကြီးနော်…တီလေးတော့ ဘာလုပ်နေလဲ မသိဘူး'

'တရားထိုင်နေမှာပေါ့…သူက အသက်ကြီးနေလို့ ကိစ္စမရှိပေမယ့် ယမုံ့အနေနဲ့က ငယ်ငယ်လေးရှိသေးတာ…၊ ပျော်စရာ ရှိတာတော့ ခံစား ပျော်ရဦးမှာပေါ့…၊ မဟုတ်ရင် ဘယ်လူဖြစ်ရကျိုးနပ်မလဲ'

'ဟုတ်တယ်နော်... ယမုံ့စိတ်ထဲမှာ ဒီလောက်ပျော်စရာကောင်းမယ်လို့ မထင်ဘူး...၊ မိဘတွေဆုံးပြီးကတည်းက တီလေးလက်ထဲရောက်ပြီး ပုံသွင်းခံရတာပဲ'

'သိတယ်လေ...၊ ဖုန်းကိုတောင် သူများတွေ ရှိုးသိုးနေမှ ပေးကိုင်တာ'

'ဟုတ်တယ်...ဒါတောင် မနည်းပြောယူရတာ...၊ စိတ်ပူလွန်းတယ်'

'လူကြားထဲကျ လူအ,မလေးဖြစ်မှာ သူ မသိဘူးလား'

'သူက အ,လေကြိုက်လေ...အလည်တွေနဲ့တွေ့မှာ ကြောက်တာ... မောင့်ကိုတောင် မသိလို့နော်'

'လုံးဝ အသိခံလို့မဖြစ်ဘူး...၊ ယမုံအဓိကနော်'

'စိတ်ချပါ'

မှန့်လင်မယားသည်တွေ့လို့ ဝယ်စားကြရင်း ဆီဒိုးနားရှေ့ LED နဲ့ နောက်ခံထားပြီး သီချင်းဆိုတာကိုကြည့်ပြီး ညကိုးနာရီထိုးမှ အိမ်ပြန်ခဲ့ကြတယ်။

'ပျော်လား ယမုံ'

'ပျော်တာပေါ့၊ ယမုံ တစ်ခါမှမကြည့်ဖူးဘူး...၊ မနက်ဖြန်ရော ဆိုဦးမှာလား'

'သင်္ကြန်တစ်တွင်းလုံး နေ့ရောညရောဆိုမှာ ယမုံရဲ့၊ ကျုံးအထဲမှာလည်း ပြထားတာ လှတယ်နော်'

'ဟုတ်တယ်... လှလိုက်တာ... ဗိုက်ဆာပြီလား'

'နည်းနည်းဆာသလိုပဲ'

'အိမ်ရောက်မှ ခေါက်ဆွဲပြုတ်သောက်ရအောင်'

'အင်း...ဒါဆိုပြန်ကြစို့...နောက်နေ့ လျှောက်ရဦးမှာ... ယမုံ

ညောင်းနေမယ်'

'အိုခေ'

*'ရာသီချိန်မီ လန်းပွင့်ခဲ့တဲ့ပိတောက်ကို × × ×ပန်ဆင်ပါကွယ် လှသထက်တင့်မှာမို့ × × ×ပွဲဖျက်တဲ့မိုးလို့ မပြောကြရအောင် × × × သင်္ကြန်မိုးလေးရယ် စိုရုံ ဖျန်းပက်ဦး × × ×'*

သင်္ကြန်မိုး သီချင်းသံစဉ်တွေက ကျုံးလမ်းပေါ်ကနေ ပျံ့လွင့်လို့။

* * *

ရှုရှိုက်မိတဲ့ နှာခေါင်းထိပ်ကနေ ပန်းနံ့လေး ရနေသလို အိပ်ချင်မူးတူးဖြစ်နေတဲ့အာရုံမှာ ဖျတ်ခနဲ။ ဒါ ပိတောက်ပန်းနံ့။ မျက်လုံးကို အားယူဖွင့်လိုက်တယ်။ အို...မျက်လုံးရှေ့တည့်တည့်မှာ ပိတောက်ပန်းတွေပါလား။

ပိတောက်ပန်းခက်လေးများကို မျက်နှာနား လှုပ်ရှားယိမ်းနွဲ့ရင်း မောင်က ယမုံ့မျက်နှာကို ပန်းခက်တွေနဲ့ တို့ထိလိုက်တယ်။

'မွှေးနေတာပဲ၊ ဘယ်က ရတာလဲဟင်'

'ဟိုဘက်အိမ်က မသင်း လှမ်းပေးတာ...သူ့ခြံထဲပွင့်နေလို့'

'ဟုတ်သားပဲ...လှလိုက်တာ...ဘုရားပန်းတင်ဖို့ ရှိသေးလား'

'တင်ပြီးပါပြီ...မနက်စာလည်း ပြင်ပြီးပါပြီ...မျက်နှာသစ်တော့'

'အင်း...အင်း...လိမ္မာလိုက်တာ'

'နေဦး'

ယမုံက ရေချိုးခန်းဝင်ဖို့အထ မောင်က သူ့ပါးကို ထိုးပေးတယ်။ နှာခေါင်းလေးနဲ့ပဲ ခပ်ဖွဖွနမ်းလိုက်တယ်။ မျက်နှာသစ်ဖို့ ဘေစင်မှာ သွားတိုက်ဆေးကစ ပြင်ဆင်ထားပေးတယ်။

မောင်ပြင်ထားတဲ့ မနက်စာက ကော်ဖီနဲ့ မုန့်အပြင် အကြော်နဲ့ ကောက်ညှင်းပေါင်း။ လမ်းထိပ်သွားဝယ်ထားတာတဲ့။ ဗိုက်လည်း ဟာသလိုရှိတာနဲ့ အားရပါးရစားလိုက်တယ်။ ညက ခေါက်ဆွဲပြုတ်သောက်တီဗွီက ခဏကြည့်ပြီး စကားတွေပြော၊ နောက် မောင့်ရဲ့ကလေးလို ချော့သိပ်မှု ရင်ခွင်ကြားမှာ အိပ်ပျော်သွားခဲ့တယ်။

နေ့လယ်စာကိုတော့ မနက်မသွားခင် ထမင်းအိုးတစ်လုံးနဲ့ ကြက်သားပြုတ်ကြော်လေး လုပ်လိုက်တယ်။ ပြန်လာရင် ဂေါ်ရခါးညွန့်လေးကြော်ပြီး စွန်တန်ဟင်းရည်လေး လုပ်သောက်မယ်လို့ သဘောတူညီမှုယူပြီး ပြင်ဆင်ထားခဲ့တယ်။

နှစ်ဦး ဆင်တူအင်္ကျီလေးနဲ့ ယမုံမိတ်ကပ်ပြင်တာကို မောင်က ထိုင်ကြည့်နေတယ်။ မောင်ကတော့ ဂျင်းဘောင်းဘီနဲ့တွဲဝတ်ပြီး နေကာမျက်မှန်တပ်၊ ဦးထုပ်ဆောင်းလိုက်တယ်။ ယမုံလည်း ဂျင်းဘောင်းဘီ၊ မျက်မှန်နဲ့ လျှာထိုးဦးထုပ် ဆောင်းလိုက်တယ်။ ကြည့်စမ်း...မှန်ထဲမှာ ပေါ်နေတဲ့ပုံရိပ်ဟာ ခုလိုကျတော့ ချစ်စရာစုံတွဲလေးလို အို...ဘယ်သူမှ မသိနိုင်တဲ့ အချစ်အိမ်လေးထဲမှာ သာယာဖွယ်ကောင်းလွန်းလို့။

ယမုံ့ဘဝမှာ တစ်ခါမှ မကြုံဖူး၊ မခံစားဖူးတဲ့ အငွေ့အသက်တွေကြားမှာ အသက်ရှုမှားချင်စရာ။ မောင်က ယမုံ့လက်ကို ဆွဲထားတယ်။ အိမ်ကတည်းက ရေခဲသေတ္တာထဲက ရေအေးနည်းနည်းနဲ့ ဦးဦးဖျားဖျားလောင်းတယ်။ မောင့်ကိုလည်း ပြန်လောင်းလိုက်တယ်။

ဒီသင်္ကြန်ရေတွေလို အေးမြပါစေပေါ့။ ကျုံးဘေးလမ်းမ ရေတွေ သီချင်းသံတွေကြားမှာ ကိုယ်ခန္ဓာတွေ လှုပ်ရှားယိမ်းနွဲ့လာတယ်။ ယမုံ့အနား အခြားယောကျ်ားလေးတွေ လာမကပ်ရအောင် ကာကွယ်ပေးရင်း ယမုံ အချမ်းပြေအောင် ခုန်ပြီးကခိုင်းတယ်။ လမ်းတစ်ဝက်ရောက်တော့ ရေပိုက်တွေကြားက တိုးထွက်ရင်း ဆိုင်လေးတစ်ဆိုင်က ဘီယာနှစ်ဘူး

သူက ဝယ်လိုက်တယ်။ အအေးခံနိုင်အောင် သောက်ရင်း ယမ့်ကို လည်း အချမ်းပြေအောင် တိုက်တယ်။ ဟင့်အင်း… ယမ့် မသောက်တတ်ဘူး။ အနံ့ကြီးလည်း မခံနိုင်ဘူး။ တစ်ငုံလောက်တော့ သောက်လိုက်ပါဆိုလို့ နှာခေါင်းပိတ်သောက်ရင်း အန်ချင်စိတ် ပေါက်မိတယ်။

မောင့်လက်ထဲက ဘီယာနှစ်ဘူးက ခဏနဲ့ ကုန်သွားတယ်။ လူအုပ်နဲ့ ရေတွေကြား တိုးဝင်လာတယ်။ လူက များလွန်းလာတော့ ယမ့် ကြောက်လာတယ်။ မျက်နှာချင်းဆိုင်တိုးနေတဲ့ လူအုပ်ကြီးကြားမှာ ယမ့် ကြားညပ်လာတယ်။ ထွက်ကြစို့၊ ယမ့် မခံနိုင်တော့ဘူးဆိုမှ အပြင်ထွက်တော့မှ အသက်ရှူချောင်လာတယ် တော်တော်နဲ့ အကြောက်မပြေ။

လူရှင်းတဲ့ဘက်ကပဲ ရွေးလျှောက်ရင်း စတုဒီသာ အကျွေးအမွေးတွေကြည့်၊ သီချင်းဆိုတာကို မြို့တော်ဝန်မဏ္ဍပ်ရှေ့မှာ ကြည့်ပြီး ယမ့်ခြေထောက်တွေ ညောင်းလာပြီ။ အပြန်လမ်းကို သိပ်မလျှောက်နိုင်တော့လို့ မီနီအိုးဝေငှားစီးပြီး အိမ်ပြန်ခဲ့ရတယ်။ အကျင့်မရှိတော့ ယမ့်တစ်ကိုယ်လုံး ထုနှက်ရိုက်နှက်ခံထားသလို နာကျင်လာတယ်။ အသားတွေ စပ်ဖျဉ်းဖျဉ်းဖြစ်လာပြီး မျက်နှာလည်း ရဲလာတယ်။ ယမ့်က ဘယ်မှမထွက်တော့ အသားအရေကနုတော့ ရေနဲ့နေနဲ့ နေပူလောင်သွားတာတဲ့။ ယမ့် အခြားသူတွေလို ခံနိုင်ရည်မရှိဖြစ်တာကို စိတ်ပျက်မိတယ်။

နောက်နေ့တော့ လူအုပ်ထဲမတိုးဘဲ လူရှင်းတဲ့နေရာပဲ သွားမယ်လို့ မောင်ကပြောတော့ ခေါင်းညိတ်ရင်း သူပြင်ပေးတဲ့ ထမင်းပွဲကိုစားပြီး ပင်ပန်းလို့လားမသိ၊ နေ့ခင်း ချက်ချင်းအိပ်ပျော်သွားတယ်။ နိုးလာတိုင်း အနားမှာ အမြဲရှိပြီး နေပေးနေတဲ့မောင့်ကို ချစ်မိရင်း ခုလို အိမ်ထဲ အေးအေးဆေးဆေး ချက်ပြုတ်စားပြီး နေခွင့်ရနေတဲ့ ကာလတိုလေးကို လွမ်းရဦးမှာပဲလို့ တွေးမိနေတယ်။

တီလေး ဖုန်းဆက်လာတယ်၊ အဆင်ပြေကြလားတဲ့။ ဟုတ်ကဲ့ ပြေပါတယ် တီလေးဆိုတော့ ကျန်းမာရေးဂရုစိုက် တစ်ခါမှမလည်ဖူး တော့ ဖျားမှာစိုးလို့ စိတ်ပူနေတာ။ ယမုံကလည်း တီလေးပြောတဲ့အတိုင်း နေမကောင်းချင်သလိုလို ဖြစ်သွားခဲ့တယ်။ ဆေးသောက်ရတယ်။

ဒုတိယရက်ကိုတော့ မလည်တော့ဘူး။ အိမ်ထဲမှာ သက်သက် သာသာနေရင်း အနားယူမိတယ်။ မောင်က ထမင်းဟင်းချက်တာဝန်ကို သူယူလိုက်တယ်။ စိတ်လည်း အရမ်းပူတတ်တယ်။ သူချက်ကျွေးတာကို ဇိမ်ကျကျ စားတာကို သဘောကျနေတာ။ နေ့လယ်ကို ဇာတ်ကားခွေ ကြည့်ရင်း ဖုန်းကြည့်၊ စကားပြောရင်း အချိန်တွေ ဘယ်လိုကုန်သွားမှန်း မသိ။

'နားပါဦး မောင်ရယ်…ပင်ပန်းနေမယ်'

'မပင်ပန်းပါဘူး၊ ဟိုမှာနေတုန်းကလည်း ဒီလိုပဲ တစ်ယောက်တည်း ချက်ပြုတ်ရတာပဲ၊ ကိုယ့်အားကိုယ်ကိုးပဲ'

'ဟိုမှာ နေသားကျနေတာကို ဘာလို့ပြန်လာဖြစ်တာလဲ'

'စင်ကာပူက နေလို့ကောင်းပါတယ်…မနေချင်တော့လို့ ကြာ တော့လည်း ကိုယ့်မြေကို လွမ်းတာပေါ့'

'မောင်က တော်တယ်နော်၊ ကိုယ့်ထူးကိုယ်ချွန် ထွက်အလုပ်လုပ် နိုင်တယ်'

'ဒီလိုပါပဲ ရုန်းကန်ရတာပေါ့…၊ မိဘတွေ မရှိတဲ့နောက်ပိုင်း ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေနဲ့ မှားလည်းခံ မှန်လည်းစံပဲ၊ ဟိုကတော့ ပိုစုဆောင်းမိတာပေါ့၊ အဲဒီက စုဆောင်းငွေက ဒီမှာ အရင်းအနှီးပေါ့'

'ဘာပဲဖြစ်ဖြစ် မောင်လုပ်တဲ့ စီးပွားရေးက အမြတ်အစွန်းရနေ တာပဲမလား'

'ဟုတ်ပါတယ်၊ ဒီထက် ပိုကြိုးစားရဦးမယ်၊ ဟောဒီက ယမုံ

အတွက်'

မောင်က ယမုံမေးစေ့ကို လာကိုင်ရင်းပြောတယ်။ မောင် ဒီမှာ အလုပ်နှစ်ခုလောက် ရှယ်ယာပါထားတယ်လို့ပြောတယ်။ ကျောင်းတုန်းက နောက်ဆုံးတန်းမှာ ထိုင်တတ်တဲ့သူသူမောင်ဟာ ခုတော့ လူတွေရဲ့ ရှေ့ရောက်အောင် ကြိုးစားချင်တယ်လို့ပြောတတ်တယ်။

ညစာ ထမင်းစားမလို့ပြင်တုန်း ဖုန်းလာလို့ မောင်က ထသွားတယ်။ ၁၅ မိနစ်လောက် ကြာတယ်။

'ဘယ်ကဖုန်းလဲဟင်... အကြာကြီးပဲ'

'စင်ကာပူက အလုပ်ကိစ္စတစ်ခုပါ...နည်းနည်းလေး အလုပ် သမားပြဿနာရှိလို့ ဆက်တာပါ၊ အဆင်ပြေသွားပါပြီ'

'ဒါဆို ထမင်းစားစို့လေ'

'အိုခေ...ဗိုက်ဆာလာပြီ'

ထမင်းစားရင်း စကားနည်းနေတဲ့ မောင့်ကိုကြည့်ရင်း စိတ် မကောင်း။ သူ့အလုပ်က ပြဿနာအကြောင်း ခေါင်းထဲရောက်နေပုံရတယ်။ အဆင်မြန်မြန်ပြေပါစေလို့ ဆုတောင်းမိတယ်။

ညကလည်း မောင် ကောင်းကောင်းအိပ်မပျော်တာကို သိတယ်။ ထလိုက် ရေသောက်လိုက်နဲ့ သူ့အလုပ်ကိစ္စတွေကို ယမုံလည်း ကောင်းကောင်းနားမလည်တာမို့ ဆက်မမေးဖြစ်တော့။

မနက်ရောက်တော့ ပုံမှန် နံနက်စာကို သူကပဲ ထလုပ်ပေးထားတယ်။ အားနာမိတယ်။ ညက အိပ်ရေးပျက်ပေမယ့် ထရှာတယ်။ ဒီမနက်ကိုတော့ အီကြာကွေးနဲ့ နွားနို့ပူပူလေး။ ယမုံ့အကြိုက်လေ။ ဒီနေ့ သကြင်္န်နောက်ဆုံးနေ့ကိုတော့ ထွက်လည်ကြမယ်။ ဘာလိုလိုနဲ့ သကြင်္န်ပြီးသွားမှာကို လွမ်းမိနေတော့တယ်။

မောင်က သူ့အဒေါ်တစ်ယောက်နဲ့ အဒေါ့်အိမ်ခန်းကိုပဲ သီးသန့်

နေချင်လို့ ပြန်ဝှားနေတယ်ပြောတာပဲ။ မောင်ကလည်း မွေးကတည်းက သူ့ဘဝသူ ရုန်းကန်ခဲ့ရတာ။ ဒါကြောင့် ခုလို စိတ်တွေချိန်းပြီး ပြောင်းသွားခဲ့တာလား မပြောတတ်နိုင်။ တကယ်တော့ ကျောင်းနေစဉ်ကတည်းက သိခဲ့တဲ့အချိန်တွေ ကြာခဲ့ပေမယ့် အခုလိုတော့ ယမုံနဲ့အတူ သံယောဇဉ်ကြိုးချစ်ခြင်းတွေ ခိုင်မာလာမယ်လို့တော့ တစ်စက်မှ မတွေးမိခဲ့ပါ။ အိပ်မက်ကြီးလိုပင်။

ယမုံတို့ သင်္ကြန်နောက်ဆုံးရက်မှာလည်း အင်္ကျီဆင်တူဝတ်ပြီး လျှောက်လည်ခဲ့ကြသလို ညနေပိုင်းမှာ ဆိုင်ကယ်နဲ့ထွက်လည်ပြီး မုန့်ဈေးတန်းဘက်တွေမှာလည်း မုန့်တွေဝယ်စားနဲ့ သိပ်ကိုပျော်စရာကောင်းတယ်။

နှစ်ကူးကိုနှုတ်ဆက်ဖို့ လက်ချင်းဆုပ်ကိုင် ကျုံးဘေးက ပစ်ဖောက်ကြတဲ့ မီးရှူးမီးပန်းတွေကိုကြည့်ရင်း အချိန်ကုန်ခဲ့ကြတယ်။

*'ပြန်ပါဦးမယ် × ×ပြန်ဦးမယ် × ×နှုတ်ခွန်းဆက်ပါတယ်'*

❖

## အခန်း (၄)

ယမုံနဲ့ သူသူမောင်ရဲ့ တိတ်တခိုးချစ်နဲ့ ချစ်သက်တမ်းလေး တစ်နှစ်ကျော် နှစ်နှစ်နီးနီးမှာ ယမုံ အိပ်မက်ဆိုးတွေ မက်ခဲ့ရပြီ။ ဘဝရဲ့ ရိုက်ချက် လောကဓံအပူကို တစ်ခါမှ ခုလောက် ပြင်းပြင်းထန်ထန် မရဖူးတာမို့ ယမုံ ဘာလုပ်ရမှန်း မသိတော့။ ကိုယ့်ကိုယ်ကိုယ် ပျောက် သွားချင်စိတ်၊ သေချင်စိတ်သာ ပေါက်နေတော့တယ်။ ဘယ်သူ့ကိုမှ လည်း ရင်မဆိုင်ရဲ။ ယမုံ ကြောက်တယ်။ အရမ်းပဲကြောက်နေမိတယ်။ ဒဏ်ရာတွေနဲ့ ကြောင်တစ်ကောင်လို အခန်းထောင့်မှာ မလှုပ်မယှက်။

ဆရာဝန် ဆရာဝန်လာရင် ပိုကြောက်တယ်။ ဆေးထိုးမှာ ဆေးထိုးရင် ယမုံ မခံစားနိုင်ဘူး။ နာတယ်လေ။ ပြီးရင် အကြာကြီး အိပ်ပျော်နေတယ်။ အဲလိုအိပ်ပျော်နေတုန်း ယမုံ့ကို တစ်ယောက်ယောက် က လာသတ်ရင်ရော ဘယ်လိုလုပ်မလဲ။

ယမုံ့ကို လာရှာနေလား၊ ယမုံမသိဘူး ဘာမှမသိဘူး။ ယမုံ့ပုံတွေ မတင်ကြပါနဲ့။ အဲ့ဖုန်းထဲက ယမုံ့ပုံတွေကို ဖျက်ပေးကြပါ။ မတင်ကြပါနဲ့ရှင်။ ဖုန်းကိုကြည့်ရမှာ သရဲထက်ကြောက်တယ်။ ယမုံ့ဖုန်းထဲ မပို့ကြပါနဲ့တော့။ ဘာမှလည်း လာမမေးကြပါနဲ့။ တောင်းပန်ပါတယ်။ ယမုံ ဘာမှမလုပ်ပါဘူး။ မနှောင့်ယှက်ကြပါနဲ့။ ယမုံ့ပုံတွေကို ဖျက်ပေးကြပါ။

စိတ်တွေ ပင်ပန်းလေးလံလွန်းလှတယ်။ ယမုံက သိပ်ကို အ,ပါတယ်။ ဘာမှကို မသိခဲ့ပါလား။ ယမုံ့ကို ရက်ရက်စက်စက် အနိုင်ယူကြပါ။ ယမုံက ရှုံးတာတင်မက အရှက်ကွဲရပြီ။ လူတွေနဲ့ဝေးတဲ့နေရာကို ပို့ပေးကြပါရှင်။

'ယမုံမြေ့ဘဝမှာ ဘာမှမရှိတော့ဘူး၊ ကျေနပ်နိုင်ကြသလားရှင် ယမုံ အရိုးသားဆုံးပြန်ချစ်ပြီး အရင်းနှီးဆုံးအဖော်အဖြစ် နေထိုင်ခဲ့တာပါ...ကျန်တာတွေ ဘာမှမသိခဲ့ရတာပါ၊...ယမုံ့ကို ခွင့်လွှတ်ပြီး ပုံတွေကို ဖျက်ပေးကြပါရှင်'

မျက်တွင်းဟောက်ပက် ကြောင်စီစီမျက်ကွင်းညိုတွေက မှန်ထဲကနေ ယမုံ့ကို ကြောင်စီစီပြန်ကြည့်နေတယ်။ အစာစားလို့မရဘူး ရေသောက်လို့မဝင်ဘူး၊ ဆေးဆို ပိုဆိုးပေါ့။ အန်ချင်လိုက်တာ။ လက်မှာ ထိုးသွင်းတာတဲ့ ဆေးပိုက်ထဲက ဆေးရည်တွေက ခန္ဓာကိုယ်ထဲ တစ်စက်စက်။ ဆရာဝန်က ပြောတယ်။ ပိုက်ကို ကိုယ့်သဘောနဲ့ကိုယ် ဖြုတ်မပစ်ရဘူးနော်တဲ့။ ဖြုတ်ရင် ဒီထက်ကြီးတဲ့ ပုလင်းကြီးချိတ်ပြီး အပ်နဲ့ထိုးမှာတဲ့။ ယမုံ ကြောက်လွန်းလို့ လက်ကိုမလှုပ်ရဲဘူး။ လက်က ထုံနေပါပြီ။ ညတွေဆိုလည်း ကြောက်လိုက်တာ။

အစာစားပါ။ မစားမချင်း ဒီပုလင်းကြီး ချိတ်ထားရမှာတဲ့။ ကြက်ပေါင်း၊ ဆန်ပြုတ်၊ ခေါက်ဆွဲပြုတ်၊ အန်ချင်လှပြီ အနံ့တွေရတာနဲ့။

အသီးလေး တစ်စိတ်ပဲစားနိုင်တယ်။

'အစာစားပါ့မယ် ဒေါက်တာ၊...ယမုံ့ကို တစ်ခုကူညီပေးပါ၊ ဟို တီလေး မသိစေနဲ့နော်၊ ဖုန်းထဲက ယမုံ့ပုံတွေ ဖျက်ပေးပါနော် ဖျက်ပေးမယ်မလား ဆရာ... ရှူး...တိုးတိုးနော် တီလေး မသိပါစေနဲ့'

'ယမုံ... သမီးပုံတွေ ဖုန်းထဲ မရှိတော့ပါဘူး...၊ ဆရာဖျက်ခိုင်းလိုက်ပြီ'

'ဟင်...တကယ်လား ဆရာ...ပြန်ဖျက်သွားကြပြီလား'

'တကယ်ပါ ဘာမှမရှိဘူး...၊ အဲဒါမတွေးနဲ့တော့...အစာစားမှ နေကောင်းမယ် သမီးရယ်'

'ဟုတ်... ယမုံစားပါတယ်၊ စားမရတာပါ...၊ ဒီရင်ဘတ်ကြီးနားမှာ တစ်နေတာ'

'သမီး စိတ်ပူနေလို့ပါ... စိတ်ပူစရာ မရှိတော့ဘူး... စိတ်ကို အေးအေးထား...သမီးနေကောင်းရင် ဆေးလည်းမထိုးရတော့ဘူး'

'ဆရာ...ဆရာ့ကို ပြောရဦးမယ်...သူတို့က ယမုံ့ကို တရားစွဲမယ် ပြောတယ်'

'ဘာလို့စွဲရမှာလဲ... စွဲလို့မရပါဘူး ဆရာတို့ရှိတယ်လေ... မကြောက်နဲ့ သမီး'

'ဟုတ်လို့လား ဆရာရယ်'

'ဆရာ အာမခံတယ်၊ ဆရာ့အသက်နဲ့ အာမခံတယ်နော်'

'ဆရာ...သမီး သူ့ကိုချစ်မိတာ ဟုတ်တယ်... သူပြောသလို တော့ မဟုတ်ဘူးနော်၊ သူ့ကို မလုဘူး... ပိုက်ဆံတွေဆိုတာလည်း မသိဘူးနော်'

'သမီး တကယ်မသိဘူးဆိုတာ ဆရာတို့အားလုံး ယုံတယ် သမီး ဘက်မှာ ဆရာတို့ရှိတယ်နော်၊ မကြောက်နဲ့တော့'

'တကယ်မကြောက်ရတော့ဘူးလား ဆရာ'

'စိတ်ချပါ...အဓိကက သမီးနေကောင်းဖို့ အရေးကြီးတယ်၊ အခု ဘာမှမတွေးဘဲ အိပ်လိုက်ပါဦး...အားရှိအောင်'

'ဟုတ်...ဆရာ၊ ဒါနဲ့ဆရာ တီလေးကို ပြောပေးနော်'

'ဒါလည်း စိတ်ချ သမီး...တီလေး သမီးကို မဆူစေရ၊ မရိုက်စေရ နော်...ကဲ ကဲ...မျက်လုံးမှိတ် အိပ်တော့'

* * *

ယမုံ့ဘဝအတွက် မထင်မှတ်ထားတဲ့အပျော်တွေကို ရပြီးနောက် ရက်စက်ခြင်းတွေက အိမ်ထဲကို မီးတုတ်ကိုင်ပြီး ဝင်ရောက်လာတယ်။ အဲဒီနေ့က

'ယမုံ...ယမုံမြေ'

တီလေးခေါ်သံပြင်းပြင်းကြောင့် ယမုံ လန့်သွားတယ်။

'ဘာလဲဟင် တီလေး...လန့်လိုက်တာ'

'အေး...ဒီထက် အဆပေါင်းများစွာ ပိုလန့်စေရမယ်...ဒီမယ် ဒါ ဘာတွေလဲ၊ ငါ့တူမလေး လိမ္မာလှနဲ့ ယောင်းမပြင်းစီးထွက်တာ မဟုတ် ဘူး၊ ကျုပ်အရက်ကိုခွဲပြီး ဒုံးပျံမြင်းစီးထွက်တာပေါ့ ဟုတ်လား...ကြည့်'

ယမုံ တီလေးပြတဲ့ ဖုန်းကို လှမ်းယူလိုက်တယ်။

'ဘုရား...ဘုရား'

ယမုံ့ရင်ဘတ်တွေ ခုန်ထွက်သွားမတတ် ဆောင့်ခုန်လာတယ်။ သူသူမောင်နဲ့ ယမုံ ဓာတ်ပုံတွေ တစ်လျှောက်ကြီးပါလား။ ဘယ်သူတင်တာ ပါလိမ့်။

'တွေ့လား...စာတွေပါ ဖတ်ကြည့်လိုက်ဦး၊ အံ့ဩလွန်းလို့အေ ညည်းတို့ကို'

စာတွေဖတ်ကြည့်လိုက်တော့ ယမုံ သေချင်စိတ်ပေါက်အောင် ရင်တွေ ဗလောင်ဆူဝေခဲ့ရပြီ။ ဒီစာနဲ့ ပုံတွေကို တွဲတင်သူက စင်ကာပူမှာနေတဲ့ ထားသီရိမေတဲ့။ သူသူမောင်ရဲ့ ချစ်ဇနီးဆိုပဲ။ အတူနေထိုင် အတူအလုပ်လုပ်ရင်း ရန်ကတောက်ကဆတ်ဖြစ်ရင်း အိမ်ကနေ ဆင်းသွားပြီး မြန်မာပြည်ပြန်ရောက် ချစ်သူအသစ်ရသွားတဲ့ သူသူမောင့်ကို မကျေနပ်ဘဲ ယူသွားတဲ့ပိုက်ဆံတွေ ပြန်ပေးဖို့ တရားစွဲမည်ဖြစ်ကြောင်းနဲ့ ယမုံ သိစေရန် သူသူမောင်နဲ့ သူမပုံတွေပါ ယှဉ်တွဲဖော်ပြပြီး ယမုံက အခုခေတ်အခေါ် စန္ဒိုက်ကြော်ပုံစံမျိုး ရေးသားထားတယ်။ သူသူမောင်ရဲ့ Fb Account ခိုးပြီး ယမုံနဲ့ပုံတွေ တွေ့ရတာလို့လည်း ပြောထားသေးတယ်။ အမှတ်တရဆိုပြီး သက်နွဲ့တွင်း အိမ်တွင်းအိမ်ပြင် ဖုန်းနဲ့မှတ်တမ်းတင်တာကို မတားမြစ်ခဲ့တာ မှားယွင်းမှုအကြီးကြီးကို ဖြစ်စေတော့တယ်။

ဖတ်ပြီးတော့ ရှိုက်ကြီးတငင် ငိုပွဲဆင်ရုံကလွဲလို့ ယမုံ မတတ်နိုင်တော့။ တီလေးက ယမုံ့ကို စိတ်ရှိသလောက် ရိုက်နှက်တော့တယ်။ ယမုံ့ဖုန်းထဲမှာလည်း ပုံတွေ ပလူပျံလို့။ မယုံနိုင်တဲ့ သူငယ်ချင်းတွေရဲ့ မေးခွန်းတွေ။

စင်ကာပူကဖုန်းလာရင် ဗျာများနေတတ်တဲ့ သူ့ပုံစံကို ပြန်မြင်လာမိတယ်။ ဟိုကငွေတွေကို သူ့ငွေအရင်းနှီးလိုလို အသုံးပြုရင်း ယမုံ့ဆီကို ဘာလို့ရောက်လာခဲ့ရတာလဲ။ ယုံစားမိတဲ့ ဆူး၊ အဆိပ်ကို စားမိတဲ့ အရူးလို ယမုံ အရူးဖြစ်ခဲ့ရတယ်။ အေးချမ်းနေတဲ့ ကိုယ့်ဘဝဟာ အရူးမီးဝိုင်းပေါ့။ ရှက်စရာကောင်းခဲ့တဲ့ အဖြစ်တွေဟာ နက်ရှိုင်း ဒဏ်ရာတွေ ဖြစ်တည်ခဲ့တယ်။

ယုံကြည်မှု၊ အရှက်သိက္ခာ၊ ဘာဆိုဘာမှမရှိတော့။ အစက် အပျောက်လေးလောက်တောင် ကျန်ရှိမနေချင်တော့တာမို့ ဒီကမ္ဘာကနေ ထွက်ခွာသွားဖို့ ဆုံးဖြတ်မိတယ်။ လူကိုသတ်၊ စိတ်ကိုသတ်သွားတဲ့

သူသူမောင်ကတော့ စင်ကာပူသွားပြီး ပြဿနာဖြေရှင်း ပြန်လာမယ်တဲ့။

ဟင့်အင်း…ကြောက်လို့ပါ။ ဘယ်တော့မှ ပြန်မလာပါနဲ့။ တကယ် ကြောက်လို့ပါ။ မျက်ရည် အခါခါကျတယ်။ ဒီမျက်ရည်တွေဟာ နောက်ဆုံးကျခြင်းသာ ဖြစ်ပါရစေ။

❖

## အခန်း (၅)

'တကယ်ပဲ သေချာဆုံးဖြတ်ပြီးပြီလား ဒကာမလေး'

'သေချာဆုံးဖြတ်ပြီးပါပြီ ဆရာကြီး'

'ကောင်းပါပြီ...ဒါဆိုလည်း ဆံချကြတာပေါ့'

ယမုံ ခေါင်းညိတ်လိုက်တယ်။

လောကအပူငရဲကြီးကနေ ရုန်းထွက်ရှင်သန်ဖို့ သံသရာအတွက် ကျူရိုးလေးတစ်ပင်၊ မြက်ပင်လေးတစ်မျှင်ကိုတော့ ဆုပ်ကိုင်အားကိုးထားချင်တယ်။

ဘဝအသိကို အမှိုက်၊ အမိုက်မှောင်ထဲ သာယာအားကျတိုးဝင်ပြီး စိတ်အသချေတွေ များပြားခဲ့တယ်။ အဝိဇ္ဇာရဲ့ မသိခြင်းထဲမှာခေါင်းမဖော်နိုင်အောင် နစ်မြုပ်လို့။ မသိနိုင်အောင် အမှန်တကယ်

ရှုးသွားတဲ့ အရှုးဘဝကိုလည်း ရခဲ့ပြီးပြီ။ လောကအကုသိုလ်ကို ကိုယ်တိုင်ယူ ဒီပတ်ဝန်းကျင်မှာ ဘယ်လိုနေထိုင်သွားနိုင်တော့မလဲ။

ခွင့်လွှတ်ခြင်း မျက်ဝန်းနဲ့ တီလေးကို တွေ့ရပေမယ့် မိမိအပြစ်ကို ဆေးကြောဖို့ မိမိမှာသာ တာဝန်ရှိတော့တယ်။ အရင်ကတည်းက ကုသိုလ်မပြတ်ခဲ့။ တရားထိုင်၊ တရားနာတွေနဲ့ မပြတ်ခဲ့။ ယမုံ့စိတ်ခန္ဓာဟာ ပုထုဇဉ်ရဲ့ ရန့်အငွေ့အသက်၊ အတွေ့တွေဟာ နွယ်ကြိုးတွေလို ရစ်သိုင်းရှုပ်ထွေးခဲ့ရတယ်။

ဆံနွယ်တွေကျလာတာကို ကြည့်ရင်း မျက်ရည်တွေ တစ်ပေါက်ပေါက် ကျဆင်းလာတယ်။ တမလွန်က အမေနဲ့အဖေ ယမုံ့ကို ခွင့်လွှတ်ပါ။ သာသနာ့နယ်မြေသစ်မှာ စိတ်အသစ်နဲ့ ခန္ဓာတည်သရွေ့ ကြိုးစားအားထုတ်သွားမယ်လို့ ကတိပေးပါတယ်။

ယမုံမြေဟာ တရုတ်စံကားပင်ဖြူဖြူအောက်က မြေကြီးတစ်ဆုပ်ကို ကိုင်တွယ်ရင်း သစ္စာဆိုလိုက်တယ်။ သစ်လွင်နေတဲ့ သီလရှင်ဝတ်စုံအောက်ဖျားလေးက လေအတိုက် လှုပ်ခါလွင့်နေတယ်။

မပြုံးတော့တာ ကြာပြီဖြစ်တဲ့ မျက်နှာမှာ အပြုံးတစ်ခုကို လှစ်ခနဲပြုံးရင်း တောင်ပေါ်က ဘုရားစေတီကို လက်ဆယ်ဖြာအုပ်မိုးပြီး ဦးခိုက်ပူဇော်လိုက်တယ်။

အဝေးက ခေါင်းလောင်းသံနဲ့အတူ တီလေးကား ထွက်ခွာသွားတာကို တောင်ကုန်းလေးပေါ်ကနေ မြင်လိုက်ရတယ်။ လူတွေရဲ့ ဘဝတွေဟာ မထင်မှတ်လောက်အောင် အမျိုးမျိုး ချိန်း(Change) ရင်း သံသရာတစ်ဖက်ကမ်းကို ယုံယုံကြည်ကြည်နဲ့ လျှောက်လှမ်းနိုင်ဖို့ ခြေလှမ်းတွေ စတင်ပြင်ဆင်ရတော့မယ်။

ခြေလှမ်းတွေ...


ခြေလှမ်းတွေ...တရွေ့ရွေ့


ဆရာလေး ခေမာနန္ဒီရဲ့ ခြေလှမ်းတွေဟာ တည်တည်ငြိမ်ငြိမ်နဲ့ ကျောင်းတိုက်ဆီ ဦးတည်လို့ လှမ်းရင်း။

ည…

ချောအိမာန် (မန္တလေး)
၁–၇–၁၉

❖


ဗဒ္ဒီလေးကို
ပျံသွားသလား
ကျော်အိမ်မာန်-မန္တလေး-



## မန္တလေးကို ပျံသွားသလား

အပေါ်ထပ်ကနေ ဟိုးအောက်ဆုံးထပ် လမ်းမကို လှမ်းကြည့်မိတယ်၊ ထုံးစံအတိုင်း လူတွေ အရှေ့က အနောက်သွား၊ အနောက်က အရှေ့သွားပေါ့။ ပိပိဆိုတဲ့ ကွမ်းယာဆိုင်လေးမှာရှိတဲ့ ကောင်မလေးကတော့ ခပ်သွက်သွက် လက်ချောင်းလေးတွေနဲ့ ကွမ်းယာတွေကို အဆင်သင့်ဖြစ်အောင် ထုပ်နေတယ်။ Taxi ကားမောင်းသူတွေက အဲဒီနားရပ်ပြီး ကွမ်းယာ လှမ်းဝယ်ကြတယ်။ ကောင်မလေးကြည့်ရတာလည်း သပ်သပ်ရပ်ရပ်လေး၊ ပါးကွက်လေး အမြဲကွက်ထားတယ်။ ဖော်ဖော်ရွှေရွှေ ဆက်ဆံတော့ ကားသမား တော်တော်များများ ဝယ်စားကြတာများတယ်။ တစ်ခုတော့ ကျုပ်မကြိုက်ဘူး။ ကားဆရာက သူ့ပါးစပ်ထဲက အရင်ဝါးပြီးသား ကွမ်းရည်တွေကို လမ်းမပေါ် ပျစ်ခနဲ ထွေးပစ်လိုက်တာ အလွန်ညစ်ပတ်တယ်ဗျာ။ ဒီကတ္တရာခင်းလမ်းကြီးမှာ

ဘောင်တွေမှာရော ရဲရဲနီလို့။ တစ်၊ နှစ်၊ သုံး၊ လေး . . . စိတ်ကူး ပြောင်းပြီး ခါတ်တိုင်ပေါ်နားနေတဲ့ ခိုကလေးတွေကို ရေကြည့်တာပါ။ ခို ၁၅၊ စာကလေးက ၂၀ လောက်တော့ ရှိတယ်။

ဟော ကျုပ်တို့ ခုနစ်လွှာရဲ့ အောက်ဆုံးထပ်က အမျိုးသမီး သူ့သားကို ကျောင်းကြိုလာပြီ။ အဲဒီကလေး ပြန်လာပြီး နောက်တစ်နာရီ ကြာပြီဆိုရင် ကျုပ်သမီး ဆေးခန်းကပြန်လာပြီ . . .

'အဘိုး အဘိုး'

အိမ်ထဲက ခေါ်သံကြောင့် ဝရန်တာဘက် ရောက်နေတဲ့ ကျုပ် ခေါင်း အိမ်ထဲလည်သွားတယ်။

'ဘာလဲ'

'ကျွန်မ အခွေဖွင့်ချင်လို့'

'ဖွင့်ပေါ့၊ ညည်းက အထူးအဆန်းလုပ်လို့ ခါတိုင်းလည်း ဖွင့်နေ တာပဲဥစ္စာ'

ခါတိုင်းလည်း သူ့သဘောနဲ့သူ ဖွင့်နေတာကို ခုမှ မိုးကြိုးကြား သား ခွင့်တောင်းလို့။ အိမ်က ခိုင်းဖို့ခေါ်ထားတဲ့ ကောင်မလေး အားနေ တီဗွီ၊ တီဗွီကနေ ဇာတ်ကားခွေ၊ သီချင်းခွေ စုံနေတာပဲ . . .

'ခုဟာက အဘိုးမကြိုက်တဲ့ သီချင်းခွေ ဖွင့်မလို့'

'ဦးထုပ်နဲ့ လူတွေလား'

'ဟုတ်'

'ညည်းပျင်းရင်လည်း ဖွင့်ပေါ့'

ကလေးမက ကျုပ်ဆီကသာ ခွင့်တောင်းနေတာ အခွေက စက်ထဲ ထည့်နေပြီ။ ဘာတွေဆိုမှန်းမသိ ပျာယာခတ်နေတဲ့ ကောင်လေးတွေကို ကျုပ်က မကြိုက်ဘူးပြောထားလို့။ သူ့ခေတ်နဲ့သူ ဆိုပေမဲ့ ကိုအံ့ကြီး၊ မေရှင်တို့ကို လွမ်းသား။ ဝင်းဦးလည်း ကျုပ်က ခံစားလို့ရတယ်။

ဒီဘက်ပိုင်းမှာဆိုရင် လွှမ်းမိုးကြိုက်သလို မြန်မာပြည်သိန်းတန်၊ စိုင်းထီးဆိုင်တို့လည်း မဆိုးဘူးပဲ။ ခက်တာက ခုပေါ်တာတွေနဲ့ ကျုပ် မိုင်ကုဋ္ဌေလောက် ကွာခြားသွားခဲ့ပြီ။ သူတို့အပြစ် မဟုတ်ပါဘူး။ နောင်လည်း ဆက်ရှိနေဦးမှာပဲ။

ကျုပ်နေတဲ့ အခုအထပ်က အပေါ်ဆုံး ခုနစ်လွှာမှာ အခန်းကျဉ်းလေး နှစ်ခုပဲပါပြီး ဖွဲ့စည်းထားတဲ့ ခပ်ကျဉ်းကျဉ်းတိုက်ခန်းလေး၊ ဒီလိုမျိုးအခန်းလေးနဲ့ အသက်ကြီးလာချိန်မှာ နေရဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူး။

ကျုပ် ဒီတိုက်ခန်းရောက်နေတာ နှစ်နှစ်ရှိသွားပြီပေါ့။ တစ်ခါမှလည်း အောက်မဆင်းဘူး။ ဘယ်လိုလုပ် အတက်အဆင်း လုပ်နိုင်မှာလဲ၊ အသက်က ၇၀ ကျော်ပြီ။ ကျုပ် အခု ကိုင်ဆောင်နေတဲ့ လက်ကိုင်တုတ်လေးက ရန်ကုန်ရောက်မှ ပိုအသုံးများလာပြီး လက်ကိုင်နေရာမှာ အဖုလေးတွေ မရှိတော့ဘဲ ချောပြောင်နေတယ်။ သူ့ကို ပိုအားကိုးလာရတဲ့ သဘော။ တိုက်ခန်းက ကျဉ်းကျဉ်း၊ လမ်းလည်း မလျှောက်ရတော့ ခြေထောက်တွေက ကြာလေ လေးလေ ဖြစ်လာရော။

အရင်တုန်းကဆို ကျုံးဘေးမှာ မနက်တိုင်း ညနေတိုင်း လမ်းလျှောက်ရတဲ့အရသာကို လမ်းမလျှောက်ဖြစ်မှ ပိုပြီး တမ်းတမိတယ်။ မန္တလေးကို တစ်ခေါက်လောက် ရောက်ဦးမယ်ဆိုရင် ကျုံးဘေးကို အဝ လမ်းလျှောက်ဦးမယ်လို့ စိတ်ထဲတေးထားမိတယ်။

ကောင်မလေးကတော့ အထဲမှာ ကွိစိ၊ ကွစိနဲ့ သူလည်း လူငယ်ဆိုတော့ ပျင်းပေမပေါ့။ ဒါတွေရှိနေလို့သာ မရှိရင် ပျင်းလို့ ထွက်ပြေးသွားနိုင်တယ်။ အရင်တုန်းက ကောင်မလေးတစ်ယောက်ကို သမီးက ဘာမျှ ကိုင်ခွင့်ဖွင့်ခွင့် မပေးဘူး။ သိပ်မကြာဘူး ပြေးပါလေရော။ ဒီကောင်မလေးကျ သမီးက သင်ပေးထားပြီး သူ့အကြိုက်နဲ့ ဆွဲဆောင်

ထားတာ။ ကျုပ်ကတော့ မနက်တိုင်း တရားခွေလေးဖွင့်နာတယ်။ စာဖတ်တာ ဝါသနာပါတော့ ဖတ်ကောင်းတဲ့ စာအုပ်တစ်အုပ်လောက် ဝယ်ခဲ့ပါဆိုရင် အလုပ်များတဲ့ သမီးက ဘယ်တော့မှ ပါမလာဘူး။ ခုချိန်ထိ ကျုပ်က ဘာရယ်လို့ မဟုတ်ပါဘူး။ နေ့လယ်ဆိုလည်း ပုတီးစိပ်၊ ဘုရားစာရွတ်၊ ဘုရားရှိခိုးပြီး ကျန်တဲ့အချိန်တွေကို စာအုပ်လေး ဖတ်နေရရင် တော်သေးတယ်။ အချိန်ကုန်မှန်း မသိသာဘူးပေါ့။

တစ်နေကုန် တစ်ရက်ပြီးတစ်ရက် တိုက်ခန်းအပေါ်ထပ်မှာ နေရတဲ့ဘဝကို ငြီးငွေ့လာတယ်။ အမှန်အတိုင်းပြောရရင် အောင်တော်မူရပ်မှာ ရှိတဲ့ ကျုပ်အိမ် ကျုပ်ခြံကို လွမ်းမိတယ်။ ကြိုက်တဲ့နေရာမှာ ခုံလေးချ၊ ရေနွေးကြမ်းလေးနဲ့ စာအုပ်ဖတ်ရတဲ့ အရသာက ကျုပ်ကို အသက်ရှည်စေတယ်။ လမ်းလျှောက်ရတဲ့အကျိုးက စိတ်ကို တစ်နေကုန် လန်းဆန်းပြီး နေလို့ကောင်းတယ်။ ခုတော့ မှတ်မှတ်ရရပဲ ဒီနှစ်ပိုင်း ခါးတွေ ပိုချည့်နဲ့လာတယ်။

ကျုပ်မိန်းမ ခေါင်းချသွားတဲ့ နေရာလေးကို မခွဲချင်ပေမဲ့ ခွဲခဲ့ရတယ်။ သားသမီးနဲ့ မိဘကြားမှာ ပြိုင်ဆိုင်ပြီးပြောနေရမှာကို ကျုပ်ရှက်တယ်။ အဖေ့ဆန္ဒကို သိရက်နဲ့ ပြောထွက်လာတဲ့ သူတို့စကားကို မပယ်ချချင်တာနဲ့ လိုက်လျောခဲ့ရတာ။ ကျုပ်စိတ်ထက် သူတို့ရဲ့ အခြေခံလိုအပ်ချက်တွေကို တင်ပြလာတဲ့အခါ သီသီဆုံးပြီး တစ်နှစ်အကြာမှာ အိမ်ကြီးရောင်းဖို့ ဖြစ်လာတယ်။

သမီးအကြီးက ထရမ်စဖာနဲ့ ရန်ကုန်ဆေးရုံကြီးကို ပြောင်းရတယ်။ ရန်ကုန်မှာ ကိုယ်ပိုင်ဆေးခန်း ဖွင့်ချင်တယ်။ ဒီအတွက် ငွေလိုတယ်။ သားအငယ်က ကွန်ပျူတာဒီဇိုင်းတွေ ဝါသနာပါတယ်။ ရန်ကုန်မှာပဲ ကိုယ့်ဟာကိုယ် တည်ထောင်ပြီး ဖွင့်ချင်တယ်။ ရန်ကုန်မှာ ပို အလုပ်ဖြစ်တယ်ဆိုတော့ ငွေလိုတယ်။ သူတို့နှစ်ယောက်နဲ့ ကျုပ်ကြားမှာ

နောက်ဆုံး အဖုအထစ်လေးတွေ ဖြစ်လာပြီး ကျုပ် လိုက်လျောခဲ့ရတယ်။

နမြောမဆုံးစွာနဲ့ သူများလက်ထဲ ထည့်လိုက်ရတဲ့ ကျုပ်အိမ်ဝင်းဟာ ကာလပေါက်ဈေး တော်တော်ရခဲ့တယ်။ ဒါပေမဲ့ ကျုပ် အဲဒီငွေကို ထိတောင်မထိချင်ခဲ့ဘူး။ ကျုပ် ကြေကွဲသလိုကြီး ခံစားရတယ်။

ပိုပြီး စိတ်မကောင်းဖြစ်တာက ရန်ကုန်မှာလည်း ကိုယ့်ခြံကိုယ့်ဝင်းနဲ့ပဲ နေရမယ်ပဲ မှတ်တာ။ သမီးက ခုတိုက်ခန်းကို ဝယ်လိုက်ပြီး သူက ဘယ်နေရာမှာလည်းမသိဘူး ကိုယ်ပိုင်ဆေးခန်းလေး ဖွင့်တယ်။ သားက ကွန်ပျူတာတွေ ဝယ်တယ်။ ပထမ ဂိမ်းဆိုင်ဖွင့်လိုက်တယ်။ ရှုံးတယ်။ ခု တိုက်ခန်းအပြတ်ဝယ်ပြီး ဒီဇိုင်းဆွဲနေလေရဲ့။ အဲဒီတိုက်ခန်းမှာပဲ နေတယ်။ ငွေကြေးကိုလည်း သူတို့နှစ်ယောက် တိုင်ပင်ပြီး သုံးစွဲကြတယ်။

ကျုပ်ကိုတော့ နှစ်ယောက်စလုံး အစားအသောက်၊ ကျန်းမာရေး ဂရုစိုက်ပါတယ်။ သမီးဆေးခန်းက အစတော့ လူမဝင်ဘူးလို့ ပြောတယ်။ ခုတော့ လာပါပြီတဲ့။ သားက ဒီဇိုင်းလုပ်ငန်းကို ဇောက်ချလုပ်နေပြီဆိုတော့ မဆိုးပါဘူး။ သူတို့စိတ်တိုင်းကျ လုပ်နေရတော့ ကျေနပ်နေတာပေါ့။ ကျုပ်မှာတော့ တစ်ရက်ပြီးတစ်ရက် အသက်ရှူကျပ်လို့ သမီးက မျက်နှာချင်းဆိုင်အခန်းနဲ့ စကားပြောတာတောင် မကြိုက်ဘူး။ စပ်စုတယ်တဲ့။ မေးရင်လည်း ဘာမှမပြောနဲ့လို့ မှာထားတယ်။ တိုက်ခန်းက တံခါးကို အမြဲပိတ်ခိုင်းထားတယ်။

မနက်ဆို သမီးက ဈေးဝယ်ပေးတယ်။ ကောင်မလေးနဲ့ ချက်ပြုတ်စရာတွေ ချက်ကြတယ်။ ပြီးတော့ အလုပ်သွားတယ်။ ကျုပ်ကတော့ နေ့တိုင်း ဒီလိုချည်းပဲ တိုက်ခန်းကြီးပေါ် နေရတယ်။ လူက ၇၀ ကျော်ဆိုတော့ တကယ်ကျန်းမာရေးကောင်းရင် ဖျတ်တုန်းလတ်တုန်းသန်တုန်း။ မန္တလေးမှာဆို ဟိုဘက်နှစ်လမ်းကျော်က ဘိုခဲတို့၊ မောင်ပို

တို့နဲ့ လမ်းလျှောက်ရင်း စကားပြောရတာကိုက ခံတွင်းတွေ့လှတယ်။ ကျုပ်မှာ ပျင်းရတယ်ကို မရှိဘူး။ အားရင် သူတို့အိမ်၊ ကိုယ့်အိမ် လျှောက်သွား။ ငယ်တုန်းက ဘောလုံးကန်တဲ့အကြောင်း၊ တက္ကသိုလ် ကျောင်းသား ဘဝအကြောင်း၊ တရားဓမ္မအကြောင်း စုံလို့ပါပဲ။ ဥပုသ် နေ့တိုင်း တရားပွဲသွား။ တစ်ခါတလေ အောင်တော်မူဘုရားမှာ ငါးအစာ သွားကျွေးနဲ့။ ခုတော့ ဝရန်တာကျဉ်းကျဉ်းလေးမှာပဲ ထိုင်ရင်း နေ့စဉ် သတိရနေတော့တယ်။

မနက်ဆို ကျုပ်က မန္တလေးပဲပြုတ် ဝါဝါအိအိလေးတွေကို ထမင်း ပူလေး ဆီဆမ်း၊ ဆားဖြူး၊ ဒါမှမဟုတ်ရင် မန္တလေး ဗယာကြော်၊ ငချိပ်ပေါင်း သိပ်ကြိုက်တာ။ သီသီက အမြဲလုပ်ပေးတယ်။ ခုတော့ မနက်ဆို လက်ဖက်ရည်၊ သမီးက ကော်ဖီမတိုက်ဘူး။ မတည့်လို့တဲ့။ ပေါင်မုန့်ကင်၊ ဘီစကစ်၊ တစ်ခါတလေ ကြက်ဥနဲ့ ထမင်းကြော်၊ ပဲပြုတ်သည် ဒီဘက်လာတာကို တစ်ခါမှ မတွေ့ဘူး။ မန္တလေးမှာဆို ညနေဘက် ဗိုက်ဆာရင် မုန့်ဟင်းခါး၊ မုန့်တီ၊ အကြော် ထွက်စားပစ် လိုက်တာပဲ။ အခု နေ့လယ် ဆာရင်ဆိုပြီး သမီးက မုန့်တွေတော့ ဝယ်ပေးထားပါရဲ့။ စားချင်စိတ်က မရှိဘူး။

နောက်တစ်ခုက မိုးရာသီဆို စိုထိုင်းထိုင်းဖြစ်နေတဲ့ အင်္ကျီအနံ့ တွေကို ကျုပ် မခံနိုင်ဘူး။ အောက်သိုးသိုးနဲ့ နေပူနဲ့ မခြောက်ရဘဲ လေနဲ့ခြောက်ရတဲ့ အနံ့ဆိုးကြီးကို စိတ်ပျက်မိတယ်။

သစ်ပင်စိုက် ဝါသနာပါတဲ့ သမီးက ဒီခပ်ကျဉ်းကျဉ်း ဝရန်တာ လေးမှာပဲ သစ်ပင်တွေကို ပန်းအိုးတွေနဲ့ စိုက်ထားတော့ ပိုပြီးမှောင်နေ သလိုပဲ။ တကယ်တော့ ဒီတိုက်ခန်းလေးမှာ နှစ်နဲ့ချီ ကြာနေပေမဲ့ အခုထက်ထိ နေသားမကျနိုင်သေးဘူး။

ဟော အောက်မှာ ပါပလစ်ကာ အဝါရောင်လေး ရောက်လာပြီ။

ဒါဆို သမီးပြန်လာပြီ။ ရန်ကုန်ရောက်ပြီး သူ့ရဲ့ သွားရေးလာရေး ခက်ခဲမှုအတွက် အဲဒီကားလေး ဝယ်လိုက်တာ အောက်ဆုံး မြေညီထပ်က ဘေးမှာ ဂိုဒေါင်ရှိတယ်။ အဲဒီကားဂိုဒေါင်မှာ ပိုက်ဆံပေးအပ်တာ။

ဆံပင်တိုတိုကို စုချည်ထားတဲ့ သမီးရဲ့ဖိနပ်သံကို ကြားရတော့ ကောင်မလေး တံခါးဖွင့်ပေးတယ်။ ကောင်မလေးလည်း ရှိသမျှ အခွေ တွေ ကြည့်ပြီးသွားပုံရတယ်။ ကျူပ်က တုတ်ကောက်လေးနဲ့ အိမ်ထဲ ဝင်လိုက်တယ်ဆိုရင်ပဲ အံ့ဩစရာ သမီးလက်ထဲမှာ စာအုပ်တွေအများ ကြီး တွေ့ရတယ်။ ကျူပ်မှာလိုက်တဲ့ စာအုပ်တွေလားလို့ပေါ့။ သမီးက စာအုပ်တွေချ၊ လူကလည်း ခုံပေါ်ပစ်ထိုင်ရင်း ကောင်မလေးကို ရေ တစ်ခွက် လှမ်းတောင်းလိုက်တယ်။

'ဟူး မောလိုက်တာ ဒီခုနစ်ထပ်တက်ရတာ အသက်ထွက်မတတ် ပဲ။ ဒီနေ့ သမီး စာအုပ်တွေပါလာလို့ အံ့ဩမနေဘူးလား'

'ဟုတ်တယ်၊ အဖေဖတ်ချင်နေတဲ့ စာအုပ်တွေချည်းပဲ။ သမီး ဘယ်က ဝယ်လာတာလဲ'

'ဘယ်က ဟုတ်ရမှာလဲ။ ပန်းဆိုးတန်းဘက် ခြေဦးတောင် မလှည့် နိုင်ဘူး၊ အဖေ့ဘော်ဒါ ဦးဘိုခဲနဲ့ တွေ့ခဲ့တာ၊ သူ ပေးလိုက်တာ'

'ဟေ ဟုတ်လား၊ သူ ဘယ်တုန်းက ရောက်လာလဲ'

'မနေ့ကတဲ့။ အဖေ့ကို သတိရလို့တဲ့ ဖုန်းဆက်မယ်တဲ့။ သူ့ မိတ်ဆွေတစ်ယောက် နာရေးလာတယ် ပြောတာပဲ။ သူ အဖေ့အတွက် ယူလာပေးတဲ့ စာအုပ်တွေက သမီးကို ဝယ်ခိုင်းနေတဲ့စာအုပ်တွေ ဖြစ်နေ လို့ အံ့ဩသွားတာပဲ။ အတော်ပဲ ဖြစ်သွားတယ်။ ဒီနေ့ည သူ ဖုန်းဆက် လိမ့်မယ်။ မနက်ဖြန် သူလာလိမ့်မယ်။ လိပ်စာလည်း ပေးထားခဲ့တယ်။ ဖုန်းက သူ့အိမ်မှာ ရတာမကြာသေးဘူးတဲ့။ အဲဒါ အဖေ့ဘော်ဒါနဲ့ စကားတွေပြောပေတော့။ အိမ်မှာ ထမင်းကျွေးလိုက်'

'အေး အေး ကောင်းတယ်။ ဟိုကောင် မောင်ပိုလည်းပါရင် သိပ်ကောင်းမှာပဲ'

'အဖေကလည်း'

'မနက်ဖြန်ကျ ဟင်းကောင်းကောင်းချက်ကွာ။ ငါလည်း စကားတွေ ပြောချင်နေတာ'

'ဟုတ်တယ်၊ အဘိုးက မန္တလေးကို အမြဲသတိရနေတာ၊ တစ်ချိန်လုံးငေးနေတာ ခုမှပဲ ပြုံးရွှင်တာ တွေ့ရတော့တယ်'

'သမီးလည်း အဖေ့ကို ကိုယ်ချင်းစာမိပါတယ်။ ရန်ကုန်မှာကျ အိမ်ကြီးခြံကြီးတွေက ဈေးကကြီး၊ အလုပ်တွေ ဒီထက်အဆင်ပြေလာရင် ဒီတိုက်ခန်း ရောင်းမယ်။ အဖေ မန္တလေးမှာ ပြန်နေချင်တယ်ဆိုရင်လည်း သမီးပါ လိုက်ပြောင်းရမှာ။ အဖေ တစ်ယောက်တည်းလည်း မဖြစ်ဘူး။

'ဒီလိုလည်း မဟုတ်ပါဘူး သမီးရာ။ အဖေက မလိုပါဘူး။ မင်းတို့က ခေတ်လူငယ်တွေ ဖြစ်တဲ့အတွက် အနာဂတ်ကို စဉ်းစားရမယ်။ အဲဒီလို စဉ်းစားမိလို့လည်း အဖေ သမီးတို့ဆုံးဖြတ်ချက်ကို လိုက်လျောခဲ့တာပေါ့'

'သမီးမှာ အဖေတစ်ယောက်တည်းထားပြီး ဒီတိုက်ခန်းပေါ်က ဆင်းပြီး အလုပ်သွားတိုင်း ရင်ထဲမှာ တစ်မျိုးကြီးခံစားရတယ်။ ဦးဘိုခဲကို တွေ့တော့ သမီးလည်း ပျော်တယ်။ ဦးဘိုခဲက ပြောတယ်။ အဖေ မန္တလေးကို လိုက်ချင်တယ်ဆိုရင် အလည်ခဏ ခေါ်ချင်တယ်တဲ့။ သမီးကတော့ အဖေ့သဘောကို မမေးတော့ပါဘူး။ အဖေ လိုက်မှာပါလို့ ပြောခဲ့တယ်။ အဲဒါ အဖေ ဦးဘိုခဲပြန်ရင် လိုက်သွားလိုက်။ သူတို့ ကျောင်းရေစက်ချလည်း ရှိတယ်လို့ ပြောတယ်။ အဲဒါဆို ဦးမောင်ပိုနဲ့လည်း တွေ့ရရော မကောင်းဘူးလား'

'သမီးကို ကျေးဇူးတင်ပါတယ်။ အဖေ ဝမ်းသာတယ်။ ကောင်းတယ်'

'ကျေးဇူးတင်စရာ မလိုပါဘူး။ သမီး လမ်းတစ်လျှောက်လုံး စဉ်းစားလာတာ။ သမီးဘက်မှာ ငွေရေးကြေးရေး အဆင်ပြေပေမဲ့ အဖေ့ရဲ့ ရှင်သန်မှုကျ လှောင်ပိတ်နေသလိုပဲ။ ဒီရောက်ပြီးမှ အဖေ့ရယ်သံ မကြားရတာ စိတ်ထဲမှာတစ်မျိုးပဲ။ သမီးတို့ တစ်ကိုယ်ကောင်းဆန်နေပြီလို့ တွေးမိရင် ကျော်ကျော်နဲ့လည်း ညနေက ဖုန်းပြောဖြစ်တယ်။ သူလည်း ဒီကိစ္စကို သဘောတူတယ်။ အဖေ စိတ်ချလက်ချသာ လိုက်သွားပါ'

သမီးကြီးကပြောပြီး ရေချိုးမယ်ဆိုပြီး အနောက်ထဲ ထွက်သွားတယ်။ ဒီလိုဆိုတော့လည်း သူ့စိတ်ထဲ အဖေတစ်ယောက်ရဲ့စိတ်ကို ဥပေက္ခာ မပြုထားပါလားလို့ တွေးရင်း ကျေနပ်မိတယ်။ အဲဒီညက တိတ်တိတ်လေး ကျုပ်အခန်းထဲဝင်လာပြီး ကန်တော့တာကို တွေ့ရတယ်။ ဘိုခဲနဲ့ ဖုန်းကိုလည်း အားရပါးရ ပြောလိုက်ရတယ်။ သူက လည်း ပျော်ပြီး မောင်ပိုဆီ ဖုန်းတစ်ဆင့်ခေါ်ပြီး ကျုပ်ပါ ပါလာမယ့် အကြောင်း ဝမ်းသာအားရ လှမ်းပြောတယ်။

(၂)

'မမ အဘိုးကလေ ဘယ်လောက်တက်ကြွသလဲဆိုတော့ အင်္ကျီတွေတောင် ထည့်ပြီးနေပြီ'

'အဖေ့လည်း သနားပါတယ်။ သူ့ခမျာ အိမ်တွင်းအောင်းနေရတာ။ မနေ့ညကလည်း ပြောလိုက်တဲ့စကားတွေ အန်ချတဲ့အတိုင်းပဲ'

အပြင်က အသံခပ်တိုးတိုး ကျိတ်ကျိတ်ပြောနေသံကို ကျုပ်ကြားနေရတယ်။ ကျုပ်ကလည်း ကျုပ်ပဲ။ အားလုံး အဆင်သင့်ပဲ။ မနက်ဖြန် ညရထားနဲ့ သွားရမှာ။ ညစောစော အိပ်ရာဝင်တယ်။

မနက်ရောက်ပြီ ထင်ပါရဲ့။ ကျုပ်တစ်ကိုယ်လုံး လှုပ်လို့မရအောင်

ထုံကျဉ်တာလိုလို၊ ကိုက်ခဲတာလိုလို။ အိုး ခံရဆိုးလိုက်တာ။ နှာခေါင်းဝမှာ ဘာနံ့တွေလဲ။ အန်ချင်သလိုလို။ ဗိုက်ထဲ ဘာမှမစားရသေးလို့လား။ ဒီနေ့ မန္တလေးကိုသွားရမှာ။ မီးရထားပေါ်မှာ အဆာခံလို့မဖြစ်ဘူး။ ခေါင်းတွေလည်းကိုက်၊ မျက်စိတွေကလည်း တစ်ခုခုနဲ့ဖိထားသလို လေးလံကိုက်ခဲနေတယ်။ ရင်ထဲမှာလည်း တလှပ်လှပ်နဲ့မိုတ်ထားတဲ့ မျက်ခုံးတွေကို အားကုန် ရှုံ့လိုက်တယ်။

'အဖေ အဖေ သတိရပြီလားဟင်' သမီးအသံပဲ။

'အဖေ သားကိုမှတ်မိလား။ မျက်စိ ဖွင့်ကြည့်ပါဦး' ဒါ သားကျော်ကျော်အသံ။

'အစ်ကိုကြီး သတိရလား။ မျက်လုံး ဖြည်းဖြည်းဖွင့်ကြည့်ပါလား' ဒါ ဘိုခဲအသံ၊ ဒီကောင် ဘူတာသွားရမှာ ဘာလုပ်နေပါလိမ့်။ အား... ကျုပ် အတတ်နိုင်ဆုံး မျက်လုံးတွေ အားယူ ဖွင့်ကြည့်လိုက်တယ်။ ခပ်ဝါးဝါးတွေ့ရတဲ့ သူတို့သုံးယောက် ကျွန်တော့်ကို ဝိုင်းအုံကြည့်နေတယ်။

'အဖေ သမီးလေ'

'အဖေ့အိတ် ပြင်ပြီးပြီလား'

'အဖေ ညက ခုတင်ပေါ်မှာလေ ဟို... လေဖြတ်ချင်သလိုဖြစ်သွားတာနဲ့ ညတွင်းချင်း ဆေးရုံတင်လိုက်ရတယ်'

'ဟော'

'အစ်ကိုကြီး စိတ်မပူပါနဲ့။ ညက အစ်ကိုကြီး နည်းနည်းအအေးမိသွားတယ်'

'ဘာကွ ဘိုခဲ။ ဒါဆို ငါ ဘာမှလုပ်လို့ မရတော့ဘူးပေါ့'

'မဟုတ်ပါဘူး။ သက်သာလာမှာပါ။ ခုလည်း စကားပြောနိုင်နေတာပဲ။ တဖြည်းဖြည်း သက်သာလာမှာပါ'

'ငါ့အောက်ပိုင်းတွေ လှုပ်လို့ မရသလိုပဲ'

'မဟုတ်ပါဘူး၊ နည်းနည်းဖြစ်သွားတာပါ အဖေ။ ပုံမှန် ဆေးစား၊ ဆေးကုလိုက်ရင် ပျောက်သွားမှာ။ ညက အဖေ ခါတိုင်း တံခါးပိတ်အိပ်တယ်။ မနေ့က မေ့ပြီး မပိတ်လိုက်ဘူးထင်တယ်။ အအေးမိသွားတာပါ'

'အစ်ကိုကြီး အားမငယ်ပါနဲ့။ ဆရာဝန်တွေအကုန်လုံး ဂရုစိုက်ကြပါတယ်'

'ငါ ငါ မန္တလေး မသွားနိုင်တော့ဘူးပေါ့'

ကျုပ်ရဲ့ ဆို့နင့်နင့်ကြေကွဲကွဲ အသံကြီးက အားလုံးကို စိတ်မကောင်းဖြစ်စေခဲ့ပုံရတယ်။ ကျုပ် ဘာမှ ပြောချင်စိတ်မရှိအောင် စိတ်ဓာတ်တွေ ကျဆုံးသွားခဲ့တယ်။ ဘဝမှာ ချိုမြိန်သောသူများအတွက် အချိုသီးများ သီးပြီး၊ ခါးသောသူများအတွက် အခါးသီးများ သီးနေကြသလားလို့ တောင်ရောက်မြောက်ရောက် တွေးမိတယ်။

(၃)

အခန်းထဲကနေ Wheel Chair ပေါ် ရွှေ့ထိုင်ရင်း ကိုယ့်ဟာကိုယ် ဘီးလိမ့်တွန်းရင်း ဝရန်တာလေးဆီ ရောက်လာတယ်။ အားပြုရတဲ့ တုတ်ကောက်လေးက အခန်းထောင့်မှာ ခုတော့ အနားရနေတယ်။

တစ်၊ နှစ်၊ သုံး၊ လေး... ဓာတ်ကြိုးပေါ်မှာ ခိုတွေ၊ စာကလေးတွေ ပိုများလာသလိုပဲ။ ကျုပ် အမြဲတမ်း ရေတွက်နေမိတယ်။ တစ်ကောင်ပျံသွားရင် တစ်ကောင် ထပ်ရောက်လာတယ်။ သူတို့ ဘယ်သွားကြပါလိမ့်။

ဟော သမီးပြန်လာပြီ။ ကောင်မလေး တံခါးဖွင့်ပေးသံ ကြားရတယ်။ သမီး ဖိနပ်ချွတ်တယ်၊ ဝင်လာတယ်။

'အဖေ နေကောင်းလား၊ အိပ်နေလား'

'ဟိုမှာ ဝရန်တာမှာ ခတ်ကြိုးပေါ်ကအကောင်တွေကို ရေနေတယ်။ နေ့တိုင်းပဲ ဒီနေ့လည်း စကားမပြောဘူး'

ကျုပ်နောက်က သမီးခြေသံကို ကြားရတယ်။

'အဖေ နောက်တစ်ပတ်ကျ မန္တလေးကို သွားရအောင်၊ သမီးပါလိုက်မယ်'

မန္တလေး သွားမယ်တဲ့။ မန္တလေး အင်း ငါကြားဖူးသလိုပဲ။

'အဖေ့သူငယ်ချင်းတွေ ဦးမောင်ပိုတို့၊ ဦးဘိုခဲတို့ကလည်း အဖေ့ကို ခေါ်ဖြစ်အောင် ခေါ်ခဲ့ပါတဲ့'

သမီးကလည်း ဘာတွေပြောနေမှန်းလည်း မသိဘူး။ အဲဒီလူတွေကို ကျုပ်မှမသိတာ။

'အဖေသွားချင်တယ် မဟုတ်လား'

ကျုပ် ခေါင်းကို လေးတွဲ့စွာ ရမ်းလိုက်တယ်။ နောက်တစ်ပတ်ဆိုတာ မသေချာဘူး။ မနက်ဖြန်ဆိုတာလည်း မသေချာဘူး။

'ဘာဖြစ်လို့လဲ အဖေ'

'အဖေ ဒီနေရာလေးမှာပဲ နေပါရစေ'

ဒီနေရာလေးက ကောင်းတယ်။ မန္တလေးဆိုတာ အဖေမှမသိတာ သမီးရဲ့။ အဖေ မသွားချင်ဘူးနော်'

သမီးက ကျုပ်ကို ဘာမှမပြောဘဲ စိုက်ကြည့်နေတယ်။ သမီးမျက်ဝန်းထဲက မျက်ရည်တွေ တစ်ပေါက်ပေါက် လိမ့်ဆင်းပြီး တရှိုက်ရှိုက်နဲ့ ကျုပ်လက်တွေကိုကိုင်ပြီး ငိုနေတယ်။ ဘာလို့ ဒီလောက်ငိုနေမှန်း ကျုပ် မသိဘူး။ သူက မန္တလေး သွားချင်တာထင်တယ်။ ကျုပ်က မသွားချင်ဘူးဆိုတော့ သူ မသွားရမှာ စိုးလို့ထင်တယ်။


'သမီး မငိုပါနဲ့။ ဒီလောက်တောင် သွားချင်နေတယ်ဆိုလည်း

သွားသွား။ အဖေ ခွင့်ပေးတယ်။ အဖေက နေမကောင်းတော့ မလိုက်တော့ဘူး'

သမီးက အငိုတိတ်ပြီး အိပ်ခန်းထဲဝင်သွားတယ်။ အင်း... ကျုပ်ရဲ့ခိုလေးတွေ ဘယ်နှကောင်ပျံသွားပြီလည်း မသိဘူး၊ သမီးနဲ့ စကားပြောနေတာနဲ့ ပျောက်သွားပြီ။ သူတို့လည်း မန္တလေးကို ပျံသွားတာလား ကျုပ်မသိလိုက်ဘူး။

မတ်၊ ၂၀၀၈
ရွှေအမြုတေမဂ္ဂဇင်း

❖


2019

## တောင်ကျမြူတွေ ဆိုင်းခဲ့ပြီ

(၁)

စိတ်ကတော့ အိမ်ကို အမြန်ပြန်ရောက်ချင်လှပြီ။ အားတင်းပြီး လာခဲ့ရတဲ့ လမ်းခရီးရဲ့ဒဏ်၊ ကျန်းမာရေး အားနည်းနေတဲ့ဒဏ်တို့ကို ခါးစည်းခံနေရပြီ။ အရင် ကိုလုပ်ခဲ့တဲ့ ပျံကျအလုပ်နေရာလေးကိုတော့ စိတ်က ဝင်ကြည့်ချင်သေးတယ်။ ဘယ်သူတွေရှိသေးလဲ၊ ဘာတွေများ ပြောင်းလဲပြီး လုပ်ကိုင်စားသောက်နေပြီလဲလို့။ အိမ်ရောက်သွားရင် ပြန်ထွက်ဖို့ မလွယ်ကူ၊ ဝေးလွန်းတာမို့ ခြေလှမ်းတွေက ဘူတာထဲကို အလိုလိုရောက်သွားတယ်။ အိုး... အရင်လိုပဲ ပျံကျဈေးသည်တွေ ပေါများနေတုန်းပဲ။ မျက်နှာစိမ်းတွေ၊ လူငယ်တွေ ပိုပြီးများလာတယ် တောင် ထင်ရတယ်။ ညောင်ပင်ကြီးအောက်ကို အဝေးက လှမ်းကြည့် လိုက်တယ်။ ကွမ်းယာသည်နားမှာ အမျိုးသား သုံးလေးဦးရှိတယ်။ လူစည်လို့ ရောင်းရပုံပေါ်တယ်။ အနီးနားရောက်တော့ အတူးက

ကျွန်မကို မမြင်၊ ကွမ်းယာတွေကို စနစ်တကျ ယာပေးနေတယ်။ လူရှင်းသွားပြီဆိုမှ…။ 'ကွမ်း နှစ်ရာဖိုးလောက်' အတူးက မိန်းမသံမို့ အလန့်တကြား မော့ကြည့်ရင်း–

'ဟယ် အစ်မ အစ်မ ပြန်လာပြီဟုတ်လား၊ ဝမ်းသာလိုက်တာ။ အစ်မက ကြာတယ်ဗျာ၊ ကျွန်တော် စိတ်ပူနေတာ'

'အေး ခုပြန်ရောက်ရောက်ချင်း ဘူတာရှေ့ကဖြတ်တော့ နင်တို့တွေကို သတိရတာနဲ့ ဝင်လာတာ။ အိမ်တောင်မရောက်သေးဘူး။ နင် အဆင်ပြေလား ကွမ်းရောင်းတာ'

'ပြေပါတယ်အစ်မရယ် အစ်မရဲ့ ကွမ်းယာခုံလေးက အကျိုးပေးတယ်။ နာမည်ကို ကြည့်လိုက်ဦးလေ **တစ်ကိုက်** ကွမ်းယာတဲ့။ အစ်မ ဆီက အမွေရတဲ့ခုံလေးကို မပျက်စီးအောင် ဆေးသုတ်ထားတာ။ ရောင်းကောင်းတယ်။ အလုပ်သမားကနေ ဟိုးလူကြီးထိ ကျွန်တော့် ကွမ်းယာကို စွဲနေကြတယ်'

'ကောင်းပါတယ် အတူးရယ်၊ နင်က ကွမ်းအကြောင်း နားလည်တယ်။ ငါ့တုန်းကကျ နားမလည်ဘူး၊ ကိုယ်တိုင်ကလည်း မစားတတ်တော့ အရသာကို မသိဘူး။ ရေသန့်အအေးဘူးရောင်းတဲ့လူတွေ ရှိသေးလား'

'ရှိတော့ရှိတယ် ခုတော့ ကလေးတွေများသွားပြီ။ မိဘတွေက ကျောင်းမှမထားပေးနိုင်တော့ ပျံကျဈေးသည် လုပ်ခိုင်းပစ်လိုက်တာပဲ။ ကောင်းတော့မကောင်းဘူး အစ်မရေ ငယ်ငယ်ရွယ်ရွယ်နဲ့ အကျင့်စာရိတ္တတွေ ပျက်စီးကုန်တယ်။ တစ်ယောက်က ပိုရောင်းရရင် တစ်ယောက်က မနာလို။ ရေသန့်ဘူးခွံ ပျောက်သွားလိုက်၊ သူများပစ္စည်း ခိုးလိုက်၊ ရန်ဖြစ်လိုက်၊ အုပ်စုဖွဲ့လိုက်နဲ့ ကလေးတွေများလာတော့ ထိန်းမရပါဘူး။ ဒါနဲ့ သံသရာလည်နေတာ။ အရင်တုန်းက အစ်မတို့တုန်းကဆို

ပါလာလည်း ဝေစားမျှစား၊ ပစ္စည်းလည်း အပ်လို့ရတယ်။ ခုတော့ ခဏခဏပျောက်တယ်။ စိတ်ညစ်စရာကြီး။ ဒါနဲ့ အစ်မ နည်းနည်း ပိန်သွားတယ်နော်'

'နေမကောင်းဖြစ်လိုက်တယ်၊ ကောင်းခါစပြန်လာတာ။ ငါ့သား လေးကိုလည်း လွမ်းလှပြီ'

'မဖွေးအကြောင်းရော ဘာကြားခဲ့သေးလဲအစ်မ'

'လူချင်းတော့ မတွေ့ရပေမဲ့ မဖွေး ပြန်မလာတော့ဘူးလို့ ကြား တယ်'

'ဟုတ်လား၊ ဟိုမှာ အဆင်ပြေနေလို့လားဟင်'

'ဒီက သူ့ယောက်ျားက အရက်သမား အမြဲနိုပ်စက်ခံနေရတာ။ သူ ငွေပါလာလည်း သူ့ယောက်ျားက ဖြုန်းတယ်။ ဘာမှလုပ်တာ မဟုတ်ဘူး။ အဲဒီတော့ သူလည်း ထွက်ကတည်းက ဆုံးဖြတ်ချက်နဲ့ ထွက်သွားတာနေမှာ။ ဟိုမှာက ဒီမှာထက် အဆင်ပြေလို့နေမှာပေါ့'

'သူ့သားလေးတစ်ယောက် ရှိတယ်နော် သနားစရာပဲ အဖေ အရက်သမားနဲ့ဆိုတော့။ မဖွေးက ပိုက်ဆံပို့ချင် ပို့မှာပေါ့နော်'

'မသိပါဘူး အတူးရယ်။ ပွဲစားတွေ လာသလား အတူး'

'အလာကျဲသွားပြီအစ်မ၊ ခုက အတူးတို့လို ဟိုမရောက် ဒီ မရောက်ရယ်၊ ဆယ်နှစ်ကျော်ကလေးတွေရယ်၊ ဒါပဲ ရှိတော့တာလေ'

'အေး ဟုတ်သားပဲ။ စဉ်းစားကြည့်ရင် ငါ့ကိုယ်ငါ မုန်းတယ်။ လုပ်စရာအလုပ် မရှိတဲ့နေရာ မပြည့်စုံမှုတွေက သူများရဲ့ကျွန် ဖြစ်စေ တယ်။ ကျွန်မှ ရိုးရိုးကျွန်မဟုတ်ဘူး။ အရိုး၊ အသား၊ အသွေးတွေ အကုန်ပေးဆပ်ရတဲ့ ကျွန်။ ငါတို့လို အောက်ခြေအဆင့်တွေ လှေကား လေး တစ်ထစ်တက်နိုင်ရင် ကိုယ့်နိုင်ငံထဲကနေ ရင်ကွဲခံပြီး ဘယ်သူမှ သွားအလုပ်မလုပ်ဘူး'

'ဟုတ်ပ အစ်မရေ၊ အစ်မကို ခုလိုပြန်ရောက်လာတာကို ဝမ်းသာလှပြီ။ ထမင်းစားသွားပါလား အတူး ကျွေးချင်လို့'

'တော်ပြီအတူးရေ စိတ်က အိမ်ကို ရောက်လှပြီ၊ တွေ့ချင်လို့ ဝင်လာတာ။ ထမင်းဆိုင်က ဒေါ်ထားကို ဝင်နှုတ်ဆက်ရင်း ပြန်မယ်။ ဗိုက်က မဆာဘူး'

'ဟုတ်ပြီအစ်မရေ လာခဲ့ဦးနော်။ ယောက်ျားနဲ့ သား သိပြီလား အစ်မ ရောက်တာ'

'အကြောင်းမကြားဘူး'

'အံ့သြအောင်လုပ်မလို့ပေါ့လေ'

'ဟုတ်တယ် အတူးရေ သွားပြီ'

'တာ့တာ အစ်မ'

* * *

(၂)

၃၅ လမ်းအတိုင်း လမ်းလျှောက်ပြီး ဟိုင်းလက်လိုင်းကားတွေပေါ် တက်လိုက်တယ်။ ခရီးသည်က ချောင်သေးလို့ ကားကရပ်ပြီး ခရီးသည် စောင့်နေရတယ်။ ပိုက်ဆံအိတ်ကို လုံလုံခြုံခြုံပိုက်ရင်း အိပ်ချင်နေမိတယ်။ အတွေးစတွေက ရုတ်တရက် ခေါင်းထဲဝင်လာတယ်။

ဘူတာထဲမှာ ပျံကျဈေးသည် ကုန်ထမ်း၊ ရေသန့်အချိုရည်ဘူး ရောင်းခဲ့တဲ့ဘဝ။ နေ့စဉ် မနက်အစောကြီးထ, လုပ်ငန်းခွင်စက်ရုံကြီးလို တရစပ် လည်ပတ်ရင်း အလုပ်သမားဘဝ။ ကိုယ်လုပ်နေတဲ့ အလုပ်လေး အဆင်ပြေတော့ ကိုယ်လိုသူလို လိုက်အတုခိုး လုပ်လာကြတယ်။ အရင်က ရောင်းရတာထက် တစ်ဝက်လောက် ကျသွားတယ်။

စိတ်ထဲမှာ နီနီ ဆိုတဲ့နာမည်ကို နာကျင်လို့ အတူးကိုတောင်

မမေး။ အတူးကလည်း မပြောပါ။ ကုန်တွေကို ဝင်လုထမ်းသလို ကျွန်မ ဖောက်သည်တွေကို နည်းအမျိုးမျိုးနဲ့ မြူဆွယ်ဖြားယောင်းခဲ့တဲ့ နီနီ။ ကျွန်မထက် သုံးနှစ်လောက် ငယ်တယ်။ မျက်နှာမှာ မိတ်ကပ် အပြည့် ပြင်ဆင်ရင်း ကျွန်မနေရာကို လာလုလို့ စကားများကြတယ်။ နောက်ဆုံး ကွမ်းယာဆိုင်ဖွင့်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ကျွန်မက အရင်းနှီးထုတ်နိုင်ပြီး ကွမ်းယာဆိုင်ဖွင့်လိုက်တော့ ပိုပြီး မနာလိုဖြစ်သွားတယ်။ နောက်ပိုင်း ယောကျ်ားတကာ၊ အလုပ်သမား၊ ကူလီထမ်း၊ လက်မှတ်စစ်၊ ဂိတ်စောင့်တွေနဲ့ တစ်ယောက်မကျန် ပေးစားဆဲတော့ တယ်။ ကျွန်မ ကွမ်းယာဆိုင်လေးမှာ လူစည်နေပြီဆိုရင် မကြားတကြား အော်ပြော၊ အဆဲလေးနဲ့ စကားပြောရမှ ကျေနပ်တဲ့ ငနီမကို သည်းခံရင်း ဒေါသတွေ ပေါက်ကွဲထွက်လာခဲ့တယ်။ ဘာမှမပြောဘဲ နှုတ်ဆိတ်နေ တာကို ပိုဆိုးပြတော့ ကျွန်မလည်း တစ်နေ့ ညောင်ပင်ကြီးအောက် စိန်ခေါ်ရင်း လုံးသတ်ကြတော့တာပဲ။ ဆံပင်ဆွဲ ပါးရိုက်တာ ဘယ် နချက်မှန်းတောင် မသိဘူး။ ကျွန်မလည်ပင်းတွေလည်း အညိုအမည်း ကုတ်ခြစ်ရာတွေနဲ့ပေါ့။

ဆိုက်ကားသမား၊ အလုပ်သမားတွေ ဝိုင်းဖျဉ်ကြရတယ်။ စိတ်က တိုလွန်းလို့ ပွဲပြီးသွားမှ လျော့ရိလျော့ရဲနဲ့ ဒူးအထက်ရှိတဲ့ ထဘီကို ပြင်ဝတ်ရတယ်။ ဒူးတွေလည်းပွန်းလို့ ရှက်လည်းရှက်မိတယ်။ တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး။ ကိုယ့်ဟာကိုယ် အေးအေးလူလူ လုပ်ကိုင်စားသောက် နေတာကို သူ့ရဲ့ မနာလိုခြင်းက ယမ်းပုံမီးကျ ဖြစ်သွားစေခဲ့တယ်။ ကျန်တဲ့လူတွေနဲ့ အဆင်ပြေပေမဲ့ သူနဲ့ကတော့ ဘယ်လိုမှမပြေ။ ကျွန်မ ဘက်က ပါသူတွေက များတာပေါ့။ နေ့စဉ် ဒီမျက်နှာမြင်နေရတာကိုက စိတ်ပင်ပန်းလှပြီ။ မတွေ့ချင် မမြင်ချင်။ ကျန်တာလည်း လုပ်ကိုင်မစား တတ်။

သားအဖေ ကျန်းမာရေး ရုတ်တရက်ဖောက်ပြန်မှုက ကျွန်မ အတွက် အသက်ရှူရပ်လောက်အောင် ကျပ်တည်းခံစားရစေတယ်။ ဆေးကုသစရိတ်၊ ကုန်ဈေးနှုန်းမြင့်မားမှုနဲ့ သား ကျောင်းစရိတ်တွေက လည်ပင်းနစ်သထက် နစ်မြုပ်လာခဲ့တယ်။ ငိုခဲ့ရတဲ့ရက်တွေလည်း မနည်းခဲ့။ ဒီလမ်းခရီးကို ဘယ်လိုများ ဆက်လျှောက်လှမ်းရလေမလဲ။ သားအဖေက ဟိုးအရင်တုန်းက ဘူတာနားက အအေးဆိုင်လေးတစ်ခုက စားပွဲထိုးလေး။ နောက် ကျွန်မနဲ့ ရည်းစားဖြစ်ပြီး အဲဒီဆိုင်လေးမှာ စားပွဲထိုးခေါင်းဆောင်။ နောက် ဆိုင်မန်နေဂျာလေး ဖြစ်လာတယ်။ ဆိုင်ရှင်ကလည်း သဘောကောင်း၊ သူ့အပေါ် ယုံကြည်ခဲ့လို့ပါ။ သူ့ကို စားပွဲထိုးလေးဘဝက ဘယ်လိုမှ မခံစားရပေမဲ့ နောက်ပိုင်း သူက အဆင့်တစ်ဆင့် မြင့်လာလေ ကိုယ့်ကိုယ်ကိုယ် အားငယ်လေပဲ။ သူရော ကိုယ်ရော တစ်နေ့ လက်ထပ်ပေါင်းသင်းမယ့် ရည်ရွယ်ချက်ရှိတာမို့ အချိန်အားလပ် မရှိအောင် ပိုက်ဆံရှာကြရတယ်။ အသားညိုညိုနဲ့ ယောကျ်ားပီသပြီး စိတ်ထားကောင်းတဲ့သူ့ကို အားကိုးစွာနဲ့ လက်တွဲချင်ခဲ့တယ်။ သူကလည်း အားကိုးစရာမရှိတဲ့ ကျွန်မဘဝကို နှစ်သိမ့်အားပေးခဲ့တယ်။

သူ့နာမည်က ကိုမောင်သက်၊ ကျွန်မက မခင်သက်ပါ။ သူ့ရဲ့ သူငယ်ချင်းတချို့က မင်းတို့က နာမည်ဆင်းရဲလိုက်တာလို့ စကြတယ်။ ကျွန်မနဲ့ မောင်နဲ့ကြားမှာ အချိန်ရှားပါးလွန်းလို့ အမှတ်တရဆိုတာ အတော်စဉ်းစားယူရတယ်။ အိမ်ပြန်ချိန်လေး မောမောပန်းပန်းနဲ့ ကျူးဘေးမှာ တွေ့ကြရတယ်။ အမှတ်ရဆုံးတစ်ခုတော့ ရှိခဲ့ဖူးတယ်။ နယူးရီးယားကို ဦးပိန်တံတားဘက် ညသွားလည်ရအောင်တဲ့။ တံတားပေါ်မှာ လူအပြည့်ပဲ။ ဆယ့်နှစ်နာရီကျ ဟက်ပီးနယူးရီးယားလို့ အတူတူ အော်ခွင့်ရချင်တယ်လို့ သူက အရေးဆိုတယ်။ အဲဒီနေ့က ကျွန်မက

အနွေးထည် အင်္ကျီဖြူနဲ့ သူက ဂျာကင်နဲ့။ သူ့သူငယ်ချင်းသုံးယောက် လည်း ပါခဲ့တယ်။ လာသာလာခဲ့ရတာ ကြောက်ခဲ့တယ်။ ကျွန်မမိဘများ အသက်ရှင်လျက် ရှိသေးချိန်ဆိုတော့ ပြန်ကြားသွားမှာ ကြောက်သလို မောင်နဲ့လည်း သွားချင်တယ်။ နေ့ခင်းတွေကလည်း လည်ပတ်ခွင့် မရခဲ့ဘူးလေ။

'မိဘတွေတွေ့မှာ ကြောက်တယ်လည်းဆိုသေး၊ ဘာလို့ အင်္ကျီ အဖြူကြီး ဝတ်လာတာလဲ ထင်းနေတာပဲ'

မောင့်အမေးကြောင့် ပိုလန့်သွားတယ်။

'ဟုတ်ပါရဲ့ မောင်၊ တံတားပေါ်လမ်းလျှောက်ရင် ဘယ်လိုလုပ်ရ မလဲ။ လူတွေကလည်း အများကြီး၊ မလျှောက်တော့ပါဘူး။ ဒီမှာပဲ ထိုင်နေတော့မယ်'

'ဟာ လမ်းလျှောက်ချင်လို့ လာပါတယ်ဆို၊ ဒီလိုလုပ် ထားနွယ်နဲ့ အနွေးထည် လဲဝတ်လိုက်ပါလား။ ထားနွယ်က ကြက်သွေးရောင်ဆို တော့ မထင်းတော့ဘူးပေါ့။ ခဏ ငှားပေးနော်'

'ရပါတယ်၊ နင်တို့နှစ်ယောက် တံတားပေါ် အားရအောင် လမ်း လျှောက်၊ နယူးရီးယားအော်ပြီးမှ ပြန်လာခဲ့ကြ။ ငါတို့ အကြော်စားရင်း စောင့်နေမယ်'

'အိုကေ'

ထားနွယ်နဲ့ ကျွန်မ အင်္ကျီချင်း လဲဝတ်လိုက်ကြတယ်။ အဲဒီနှစ် က အမှန်အကန် အေးတဲ့နှစ်။ ဦးပိန်မှာ မြူတွေတောင် မြင်နေရတယ်။

'သက်က ဒီအင်္ကျီနဲ့လည်း လိုက်တယ်၊ ခုနက အဖြူနဲ့လည်း လိုက်တယ်'

မောင်က ကျွန်မလက်ကို နွေးထွေးစွာ ဆုပ်ကိုင်ရင်း တံတားပေါ် လူတွေကိုတိုးရင်း လမ်းလျှောက်ခဲ့ကြတယ်။

'လူတွေက အပြည့်ပဲနော်။ မောင်နေတော့ တစ်ယောက်မျက်နှာ တစ်ယောက် မမြင်ရဘူး၊ မောင့်အပြုံးကိုတော့ မြင်ရပါတယ်'

'သက် ဒီနေ့ အရမ်းလှတယ်ကွာ။ ဒီတံတားပေါ်မှာ နောက်ထပ် အော်ချင်တာ တစ်ခုရှိသေးတယ်'

'ဘာများလဲ'

'နောက်မှပြောမယ်၊ ဆယ့်နှစ်နာရီမှ။ ဟိုဘက်လက်ထဲက ဘာလဲ'

'ဆိတ်သားထောင်း'

'ဒီအချိန်မှာ စားဦးမလို့လား ချစ်သူရဲ့၊ ရှုပ်ပါတယ် လွှင့်ပစ်လိုက်ပါ'

'ဟင်း နမြောစရာ'

ဒါပေမဲ့ ကျွန်မ ဆိတ်သားထောင်းထုပ်လေးကို တံတားပေါ်ကနေ လွှင့်ပစ်ခဲ့ပါတယ်။

မောင်က တဟားဟားရယ်ရင်း သဘောကျနေတယ်။ ဇရပ်လေး ထဲအရောက် ထိုင်ကြတယ်။ လေလေးက အေးနေတယ်။

'ဟိုး မန္တလေးတောင်ပေါ်လည်း လူတွေရှိကြတယ်။ အနောက်က စစ်ကိုင်းတောင်မှာလည်း လူတွေအပြည့် ရှိကြမယ်။ တံတားအောက်မှာ လည်း မီးပုံပွဲနဲ့ လူငယ်တွေ ပျော်နေကြတာနော်'

'ဟုတ်တယ်မောင် သူတို့နေရာက ပိုလွတ်လပ်သလိုပဲ၊ ကျွန်း လေးလို ဖြစ်နေတယ်။ ဆိုင်ကယ်တွေလည်း စီးလာကြတယ်။ မီးရှူးပန်း တွေလည်း ဖောက်ဦးမှာ။ ဟိုတစ်ဖွဲ့က ဂစ်တာနဲ့ သီချင်းဆိုနေကြတယ်၊ ဟိုတစ်ဖွဲ့ကတော့ လွတ်လွတ်လပ်လပ် ကက်ဆက်ဖွင့် ကနေကြတယ်'

'သက်ကို ဒီလိုမြင်ကွင်း၊ သဘာဝရှုခင်းတွေလည်း ခံစားစေချင် တယ်။ မောင်လည်း မလာဖူးပါဘူး၊ ဒီနှစ်မှ စိတ်ကူးရလို့။ လေတွေ တိုက်တယ် သက် ဒီဘက်တိုး'

မောင်က သိုင်းဖက်ထားရင်း အသက်ရှူလိုက်တိုင်း ကျွန်မနဖူး ပြင်ကို လေနွေးနွေးလေး လာရောက်ထိခတ်စေပါတယ်။

ဆယ့်နှစ်နာရီ ထိုးခါနီးပြီမို့ လက်တွဲအသင့်ပြင်ထားရင်း ထိုးတာနဲ့ တစ်ပြိုင်နက် ဟက်ပီးနယူးရီးယား အော်သံတွေနဲ့အတူ မီးရှူးမီးပန်းတွေ ဖောက်လိုက်ကြတယ်။ ကောင်းကင်မှာ ကြယ်တွေအများကြီး ပွင့်လင်း သွားသလိုပဲ။ မောင်က ကျွန်မလက်ကိုတွဲပြီး လူနည်းနည်းရှင်းတဲ့နေရာ ခေါ်သွားတယ်။ နောက် သူ့ပါးစပ်ကို လက်နှစ်ဖက်နဲ့ ကာအုပ်ပြီး–

'ကျွန်တော် သက်ကို အရမ်းချစ်ပါတယ်။ ဒီတံတားကြီးပေါ်ကနေ သစ္စာပြုပါတယ်'

ကျွန်မလည်း အံ့ဩရင်း မောင့်ကို ကြည့်လိုက်တယ်။ မောင်က ရုတ်တရက် ကျွန်မကို ချီလိုက်ပြီး သက်လည်း အော်လေတဲ့။ ကျွန်မ ဘာအော်ရမလဲ သိပြီ။

'ကျွန်မလည်း မောင့်ကို အရမ်းချစ်ပါတယ်။ ဒီတံတားကြီးပေါ်က နေ သစ္စာပြုပါတယ်'

ကျွန်မအသံက မောင့်လောက်တော့ မကျယ်ဘူး။

မောင်က ကျွန်မကို နောက်ကနေ သိုင်းဖက်ရင်း ပါးပြင်ပေါ်ကို ခပ်နွေးနွေး အနမ်းတစ်ချက်နဲ့အတူ ကျွန်မတို့ အတူပျော်ခဲ့တဲ့ မမေ့နိုင် တဲ့ တစ်ခုတည်းသော နေ့ရက်ပေါ့။

အကြော်ဆိုင်ပြန်ရောက်တော့ ထားနွယ်ရဲ့ အင်္ကျီနဲ့ ပြန်လဲဝတ် လိုက်တယ်။ ထားနွယ်က အင်္ကျီပြန်ဝတ်ရင်း မျက်လုံးပြူးလေးနဲ့–

'ဟောတော့'

'ဘာဖြစ်တာလဲ ထားနွယ်'

'ဒီမှာလေ'

ထားနွယ့်လက်ထဲက ပြားချပ်ပြီး အရည်ထွက်နေတဲ့ ပျားလိမ္မော်

သီး သုံးလုံး ထွက်လာတယ်။ ထားနွယ့် အင်္ကျီအိတ်ကပ်ထဲမှာ လိမ္မော်သီးတွေ ပါလာတာပေါ့။ အိတ်ထောင်မှာလည်း စိုနေတယ်။

'ဟဲ့ ဒီလိမ္မော်သီးတွေ ဘာကြောင့် ဒီလိုပြားပြီး အရည်ထွက်ကုန်တာလဲ ရှင်းပြပါဦး၊ ငါ့အင်္ကျီလေး ပေကုန်ပြီ'

'ဟုတ်ပါရဲ့ အားနာလိုက်တာ တို့ပြန်လျှော်ပေးပါ့မယ်။ ဘာဖြစ်လို့များ ဒီလိုဖြစ်ကုန်ပါလိမ့်'

'ကဲ သက်ရေ ရှင်းလေ ပိုရှုပ်လေဖြစ်ကုန်မယ်။ သူတို့က ကိုယ်တို့ကို စနေတာပါ'

'အေးလေ အိတ်ထောင်ထဲနေတဲ့ လိမ္မော်သီး ဘာကြောင့် ဒီလိုပြားကုန်တာလဲ။ ခေါင်းချင်းတိုက်ပြီး ခေါင်းကွဲကုန်တာထင်တယ်။ မင်းမှန်မှန်ပြော ဒီလိမ္မော်သီးရှိတဲ့ဘက်ကို မင်း ဘာလုပ်လိုက်သလဲ'

'ဘာမှ မလုပ်ဘူးကွာ၊ ဖက်လိုက်တာကွာ ကဲ'

'အေး ငါထင်သားပဲ၊ ထားနွယ် နင့်အိတ်ကပ်ထဲက လိမ္မော်သီးက အကောင်းကနေ ဒီကောင်လုပ်လို့ ပြားသွားတာ၊ ထားနွယ်ကို အင်္ကျီပြန်လျှော်ပေးရမယ်။ ဒီတော့ မင်း ဘယ်လောက်ထိ သူ့ကို မိုင်ကုန်ဖက်လိုက်လဲဆိုတာ ဒီလိမ္မော်သီးလေး သုံးလုံးက သက်သေ . . .'

'ကဲ တော်ပါတော့ကွာ၊ သက်က မျက်နှာမထားတတ်တော့ဘူး'

'စတာပါကွာ၊ ပျော်လို့ပါ။ ဘာပဲဖြစ်ဖြစ် အမှတ်တရပေါ့၊ ဟက်ပီးနယူးရီးယားနဲ့အတူ လိမ္မော်သီးတွေ ပြားကုန်တာပေါ့'

'လိမ္မော်သီးတွေ ပြားချပ်ချပ်'

'လိမ္မော်သီးတွေ ပြားသင့်ပါတယ်'

'ဟက်ပီးနယူးရီးယားကိုး'

မောင့်သူငယ်ချင်းတွေက အစသန်သန်နဲ့ တစ်ယောက်တစ်ပေါက် စကြတယ်။ အဲဒီနှစ်က ဦးပိန်တံတားပေါ်မှာ တော်တော်ပျော်ခဲ့ကြပါ

တယ်။

* * *

'ကဲကဲ တက်ကြပါဗျာ မြန်မြန်၊ ထိုင်စောင့်ရတဲ့ ခရီးသည်တွေ လည်း ကြာလှပြီ။ ကဲ ကားထွက်မယ်ဗျို့၊ ဆင်းမယ့်နေရာ ကြိုပြောပါ။ ပိုက်ဆံလေးတွေ မစပါ၊ အစ်မ ဘယ်မှာဆင်းမှာလဲဗျ'

'ရဲရွာလမ်းထိပ် ရော့ ပိုက်ဆံ'

'ကဲ ကျေးဇူးပြုပြီး ရှေ့လေးနည်းနည်းတိုးပေးထား၊ ပေါင်ကားနေ တာလေးတွေ စုပေးပါ။ ကားထိုင်ချင်ရင် ကိုယ့်အိမ်ဆိုဖာပေါ်မှာ ကြိုက် သလိုထိုင်ပါ၊ ဒါ လိုင်းကားပါ'

ကားထွက်စပြုမှ လေအေးလေး ရလာတယ်။ မွန်းလေးနေကတော့ ဆောင်းတွင်းလည်း လမ်းမပေါ်မှာ ပြင်းရှရှပါပဲ။ သစ်ပင်သစ်ရိပ်တွေက တစ်စတစ်စ နည်းသွားတာကိုး။ ကိုယ်ရောက်ခဲ့၊ အလုပ်လုပ်ခဲ့ရတဲ့ ပြည်နယ်ကြီးမှာတော့ ကိုယ့်နိုင်ငံထဲက စတေးခံရတဲ့အပင်တွေနဲ့ ခုံညား ထည်ဝါလို့။ ကျွန်မတို့ဆီက နောက်ပိုင်း မြန်မာစစ်စစ်အပင်တွေ မျိုးသုဉ်းသွားရင် အဲဒီနိုင်ငံမှာတော့ တွေ့ရလိမ့်မယ်။ သူတို့က လူတင် မဟုတ် အပင်တွေရဲ့ မျိုးဆက်ကိုပါ တောက်လျှောက်ထိန်းသိမ်းနေတာ ကျွန်မ လက်တွေ့ပင်။ ကျွန်မတို့နိုင်ငံလို မြေမပေါ၊ မြေမကောင်းတာကို ရတဲ့နေရာမှာ နည်းပညာစနစ်တွေနဲ့ မြေကို မကောင်းကောင်းအောင် လုပ်ပြီး သစ်ပင်တစ်ပင်ကို ခုတ်လှဲဖို့ နေနေသာသာ တယုတယ စိုက်ပျိုးနေကြတာ။ ဒီမှာတော့ ဆိုင်းဘုတ်တွေ ရှိပြီးရှိရုံပါပဲ။ အမှန် တကယ် ရင်ထဲက တကယ်လုပ်ချင်မှ ကောင်းတယ်။ စိုက်ပျိုးတဲ့သူက စိုက်ပျိုး၊ ခုတ်တဲ့သူက ခုတ်နဲ့။ ကျွန်မ ဉာဏ်မီသလောက် တွေးတာ တောင် ကမ္ဘာကြီးအပေါ် အကျိုးယုတ်အောင် တော်တော်ရက်စက်

ယုတ်မာတာလို့ မြင်မိတယ်။

မောင်နဲ့ကျွန်မက သစ်ပင်တွေကို ချစ်မြတ်နိုးသူ၊ သစ်ပင်စိုက်ရင်း အသက်ရှင်ချင်သူ။ ကွာခြားလွန်းတဲ့ ကွာဟချက်တွေကြားမှာ ငါးရံ့ပြာလူးလို အပေါ်ကို ရောက်မလာနိုင်တာပဲ။ ဒီလိုပြောလို့ ကျွန်မလိုလူမျိုးက ဒါတွေပြောစရာ၊ သိစရာလားလို့ မေးလိမ့်မယ်။ ကျွန်မ မိဘက ကျောင်းထားခဲ့လို့ ဆယ်တန်းထိ သင်ခဲ့ဖူးပါတယ်။ တစ်နှစ်ကျတော့ စိတ်မပါတာနဲ့ နားလိုက်တာ။ ဆင်းရဲပေမဲ့ မျက်စိပွင့်၊ နားပွင့် ဖြစ်ချင်လို့ စာတော့ ဖတ်တယ်။ မောင်လည်း ဆယ်တန်းပဲ။ သားလေးက ဒီနှစ်ဆို ငါးတန်း။ သူ့ကိုတော့ တက္ကသိုလ်ရောက်စေချင်တယ်။ ကျွန်မတို့နိုင်ငံကနေ ပညာမတတ် ဘွဲ့ရမဟုတ်ဘဲ၊ ပညာတတ် ဘွဲ့ရ တကယ်ဖြစ်စေချင်တာပါ။ ဒီအတွက် ကျွန်မ ရေကုန်ရေခမ်း ကြိုးစားခဲ့မိတယ်။ ဒါဟာ ကိုယ့်မိသားစုအတွက် ကိုယ်တိုင်ဖောက်ခဲ့ရတဲ့ လမ်းပါ။ ကျွန်မတို့မှာ ဖြည့်ဆည်းဝန်းရံပေးမယ့်သူ တစ်စုံတစ်ဦးမှ မရှိလေတော့ မောင် ခွင့်မပြုချင်တဲ့လမ်းကို နင်းခဲ့ရတယ်။ ဘယ်တုန်းကမှ မျှော်လင့်မထားတဲ့ မောင့်ထံမှာ အသည်းကင်ဆာ ဖြစ်နေပြီဆိုတာ သိလိုက်ရတော့ ကျွန်မတစ်ကိုယ်လုံး အောက်ခြေတောင်မမြင်ရတဲ့ ချောက်နက်ကြီးထဲ ပြုတ်ကျသွားသလိုပဲ။ မောင့်ပခုံးပေါ်က တာဝန်တွေကို လွှဲပြောင်းယူရင်း ကျွန်မ ဆုံးဖြတ်ချက် ချရတော့တယ်။ ဒီနှစ်ယောက်ရဲ့ အနာဂတ်က ကျွန်မလက်ထဲမှာ။ အရင်းနှီးဆုံးသူ နှစ်ယောက်အတွက် စွန့်စားခြင်းခရီးဟာ အဆိပ်သင့်နေတယ်။ အဆိပ်မှန်းသိပေမဲ့ အန်ထုတ်လို့လည်း မရ၊ မျိုချလို့လည်း မရ။ ယုံကြည်မှု စိတ်တစ်ခုနဲ့ မောင့်ခြေဖဝါးပေါ် ရှိခိုးဦးတင် တောင်းပန်ခွင့်ပြုဖို့၊ ခွင့်လွှတ်ဖို့ တောင်းပန်ရင်း မိသားစုထဲကနေ စွန့်ထွက်ခဲ့ရတယ် ဆိုပါတော့။ ဒီလိုမှ မဟုတ်ရင် ဘယ်မှာလဲ ပိုက်ဆံ၊ ဘယ်မှာလဲ စားစရာ၊ ဘယ်မှာလဲ

စရိတ်။ မောင့်ကို ကျွန်မ အသက်ရှင်နေသရွေ့ အသေမခံနိုင်ပါ။

ခြံလေးထဲမှာ ရှားစောင်းလက်ပပ်ပင်တွေ အများကြီးစိုက်ပျိုးပြီး နေ့တိုင်းခူးပြီး အထဲက ဂျယ်လီတွေကို ကျွေးခဲ့တယ်။ ကံနည်းနည်း ကောင်းတာက အသိစောခြင်းပင်။ ဒါကြောင့် မောင့်ခန္ဓာကိုယ်ထဲက တိုးပွားမလာဖို့ တတ်နိုင်သမျှ ရှိတာလေးနဲ့ ကုသနေခဲ့ရတယ်။ တကယ် လို့များ ငွေမရှိလို့ မကုသနိုင်တော့ရင် ဆက်တိုးပွားလာမယ်။ လူမမာ လုံးလုံး ဖြစ်လာမယ်တဲ့။ အခုချိန်မှာတော့ ပုံမှန် ဆေးစား ကုသမှုတွေနဲ့ သာမန်လူတစ်ယောက် ဖြစ်နိုင်ပေမဲ့ ကျွန်မ ဆက်မကုပေးနိုင်ရင် မောင့်ကို ဆုံးရှုံးရမှာ။ အဲဒီဒဏ်ကို ကျွန်မ မခံစားနိုင်။ ကြိုးစားပြီး ငွေရှာဖို့ ငွေများများရဖို့က ပွဲစားတွေနဲ့ချိတ်၊ တစ်ဖက်နိုင်ငံ တရုတ်ပြည်ကို သွားပြီး အလုပ်လုပ်ဖို့ကလွဲပြီး ကျန်တာ မဖြစ်နိုင်တော့။ ဒီလိုလုပ်ဖို့ပဲ အခြေအနေပေးခဲ့တယ်။

* * *

(၃)

ပွဲစားမ မသီရဲ့ အပြောကြားမှာ ကြာရှည်စွာ ဒွိဟဖြစ်နေခဲ့တယ်။ ကျွန်မ မျှော်မှန်းထားတဲ့ ကွမ်းဆိုင်လေးက ဖောက်သည်မတိုးတဲ့အပြင် ရှိတဲ့လူတောင် လျော့လာတယ်။ ကွမ်းဈေးတွေက ကြီးပြီး ကွမ်းကောင်း မကိုင်နိုင်မှု၊ လက်အဆ မတည့်မှုတွေနဲ့ ကွမ်းဆိုင်လေး အရင်းပြုတ်လု ဖြစ်နေချိန်မှာ ပွဲစား မသီနဲ့ တွေ့ခဲ့တယ်။ မသီကလည်း လေကောင်း ကောင်းနဲ့ ကျွန်မတို့လို အတောင်ပံကျိုးတဲ့ငှက်တွေကို လိုက်ရှာစူးစမ်း နေတာ။ ကျွန်မတို့ထဲက မဖွေးကို သူ အရင်ပို့ပေးတာ။ မဖွေးက သွားချင်လွန်းလို့ ပွဲစားကို ကပ်နေတာ။ ခုတော့ ကျွန်မနားမှာပဲ ပွဲစားက ရစ်သီရစ်သီနဲ့ နေ့တိုင်းလာပြီး နားချနေတာ။ သူက အာမခံချက်တော့

ကောင်းကောင်းပေးတယ်။ ပို့ပေးတဲ့လူစာရင်းလည်း ပြတယ်။ မနည်းတော့ဘူး။ မသီကလည်း ဒီအလုပ်သာလုပ်နေတာ တစ်ခါတလေ သူ့ပါးစပ်က တိုက်လာတဲ့လေတွေက အမြင့်စား။ ပွဲစားထဲမှာတော့ ပေါက်ပေါက်မြောက်မြောက်ရှိပြီး စုံစမ်းရသမျှ ယုံကြည်ရတယ်။ ကလိမ်ကကျစ်စိတ် မရှိဘူးဆိုတာကြောင့် ကျွန်မ စဉ်းစားမယ် ပြောလိုက်တယ်။

ဒီကိစ္စ မောင့်ကို ဘယ်လိုပြောရမလဲ။ ခွင့်မပြုမှာတော့ သေချာသလို၊ စိတ်ဆိုးမှာလည်း သေချာခဲ့တယ်။ မသီ ပြောသလို–

'နင့်အိမ်ခေါင်မိုး မလုံနေတာကို နင် ဒီအတိုင်းကြည့်နေမှာလား။ အဲဒီအမိုးအောက်မှာ နင့်ယောကျ်ား အသက်ပျောက်သွားမှာကို ဘယ်လိုလုပ်မလဲ။ ကိုယ့်ရဲ့အတိတ်ကံ ဆင်းရဲမွဲတေမှုက ပြာပူထဲ တိုးခိုင်းနေရင် တိုးရဲရမယ့်သတ္တိတော့ နင့်မှာ အပြည့်ရှိရမယ် ခင်သက်ရေ။ ငါတို့မြန်မာအမျိုးသမီးတွေအတွက် ကိုယ်ချင်းမစာလို့ပြောတာ မဟုတ်ပါဘူး။ နင့်အသက် သုံးဆယ့်တစ်ပဲ ရှိသေးတယ်။ အလုပ်တွေ လုပ်ရဦးမယ်။ နောက်ထပ်ရွေးချယ်စရာက မရှိဘူး။ ကလေးကို ကျောင်းထုတ်ပြီး ယောကျ်ားကို ဆေးကုဖို့ လုံလောက်တဲ့ငွေ ဘယ်လိုရှာမလဲ'

မသီရဲ့ အမှန်တရားနဲ့ တဲ့(ဒဲ့)တိုးပြောတဲ့ စကားတွေက ကျွန်မတုံ့ပြန်ပြောနိုင်ဖို့ ဆွံ့အသွားခဲ့တယ်။ သားကို ကျောင်းမထုတ်နိုင်သလို မောင့်ကိုလည်း မစွန့်လွှတ်နိုင်ပါ။ ယောကျ်ားမျက်ဝန်းတွေ ရီဝေမှေးကျသွားသလို ဟက်ဟက်ပက်ပက် မပြောတော့။ သူ သေချင်သေပါစေလို့ ပြောလိုက်တဲ့ စကားတစ်ခွန်းက ခွင့်မပြုဘူးလို့ ပြောတာပဲ။ ဒါပေမဲ့ ကျွန်မ လက်မလျှော့ခဲ့ဘူး။ နားလည်အောင်ပြောရသလို ခပ်တင်းတင်းပြောရတာတွေလည်း ရှိခဲ့တယ်။ တစ်ခါတစ်ရံတော့ ချော့မော့တောင်းပန်ပြီး အချိန်များစွာ ယူပြောခဲ့ရတယ်။ ကျွန်မက မောင်နဲ့အတူ အသက်ရှည်ရှည်လေး အတူနေချင်သေးတယ်လေ။ ဒီဘဝမှာ မောင်ရော၊ ကျွန်မ

ရော အပြန်အလှန် ဘာမှ ကြီးကြီးမားမား မပေးနိုင်ခဲ့ကြပေမဲ့ ကျွန်မတို့မှာ အချမ်းသာဆုံး မေတ္တာတရား ရှိပါသေးတယ်။ အဲဒီမေတ္တာတရားတွေ သူ့ကို အပြည့်အဝပေးချင်တယ်။ ရင်နာတာကိုဖျောက်ပြီး ကျွန်မပေးမယ့် မေတ္တာတရားကိုသာ မြင်အောင်ကြည့်ပေးပါ။ ဒါဆိုရင် မောင်ခံသာမှာပါ။ မောင့်ဆီကနေ ကျွန်မ ဘယ်တော့မှ ပျောက်ဆုံးသွားမှာမဟုတ်ပါဘူး။ ဒီထက် မပိုနိုင်အောင် ရောဂါကို တွန်းလှန်ကာကွယ်ရင်း သားနဲ့အတူ နေခဲ့ပါ။ ပတ်ဝန်းကျင်က အိမ်လေးတွေကိုမှာရင်း ကျွန်မဆုံးဖြတ်ချက်ကို ခွင့်မပြုပေမဲ့ လိုက်လျောခဲ့တယ်လို့ တွေးဆခဲ့တယ်။

'ယောကျ်ား ဟိုတောင်တန်းမှာ တောင်ကျမြူတွေဆိုင်းပြီး သိပ်သည်းစွာ ကျလာတဲ့အချိန်မှာ ခင်သက် ပြန်ခဲ့မယ်။ မောင် စိတ်ရှည်စွာစောင့်နေပေးပါ။ သားနဲ့အဖေ အပြန်အလှန် ဂရုစိုက်ကြနော်'

'ဖေ အမေက ဘယ်သွားမလို့လဲဟင်'

'သား မေက ဟိုးအဝေးတစ်နေရာကို ခဏသွားမလို့။ ပြန်လာရင် သားလိုချင်တာတွေ ဝယ်ပေးလိမ့်မယ်'

'ဟုတ်လား သားတို့လည်း လိုက်လို့မရဘူးလားဟင်'

'လိုက်လို့မရဘူး သားရဲ့၊ သားက အဖေ့ကို စောင့်ရှောက်ခဲ့ရမှာ။ သားအဖေကို ပြုစုနော်။ ထမင်းအိုးလည်း မေ သင်ထားသလို တည်ပေးနော် သား'

'ဟုတ်ကဲ့ အမြန်တော့ ပြန်လာနော် မေ'

'အေးပါသားရယ်၊ သားလည်း ကိုယ့်ကိုယ်ကိုယ်စောင့်ရှောက်၊ နေကောင်းအောင်နေ ကြားလား သား'

'ဟုတ်ကဲ့ပါ'

'သားက လိမ္မာတယ်၊ ယောကျ်ား အပြင်ထွက်ပြီး အအေးမခံနဲ့နော်'

မောင်က သိပ်စကားမပြောတော့ဘဲ အဲဒီညက ဘယ်လိုမှ်ညာလိုမှ်နဲ့ အိပ်မပျော်ခဲ့ဘူး။ သူ့ရဲ့ ခန္ဓာကိုယ်ကျန်းမာရေးကို စက်ဆုပ်တယ်လို့ အခန်းထဲမှာ ညည်းသံကြားရတယ်။ မောင် တကယ့်ကို စက်ဆုပ်တယ်ဆိုရင် ကျွန်မအတွက်၊ သားအတွက် ရှိသမျှခွန်အားနဲ့ တွန်းလှန်ပေးပါလို့ ကျွန်မကပြောတော့ သူ ခေါင်းညိတ်ကတိပေးတယ်။ ဒါမှလည်း ကျွန်မ လွတ်မြောက်နိုင်မယ်။ ကျွန်မပခုံးပေါ်က တာဝန်တွေကို ရှင်ကိုယ်တိုင် ကျန်းမာမှ လွှဲပြောင်းယူနိုင်မှာ မဟုတ်လား။ တစ်ရက်ဖြတ်ကျော်ပြီး နောက်တစ်နေ့ နေ့သစ်ကိုရောက်တိုင်း ရက်တစ်ရက်ကို အောင်မြင်စွာ ဖြတ်ကျော်ခဲ့ပြီလို့ ယူဆပေးပါ၊ တွေးပေးပါ။ မောင်စိတ်ဓာတ်မကျမှ ရှေ့ခရီးကို ဆက်သွားနိုင်မယ်။

ကျွန်မတို့လို ဆင်းရဲသားတွေအတွက် ငွေဆိုတာကိုရဖို့ ဘယ်လောက်ပေးဆပ်မှုတွေ ကြီးမားသလဲဆိုတာ ချမ်းသာလွန်းပြီး ငွေကိုလက်ညှိုးထိုးတိုင်း ဖြစ်နေတဲ့သူမျိုးတွေအတွက် သိစေချင်လိုက်တာ။ လက်တွေ့ ကိုယ့်ဘဝကြီးက ခါးသီးလွန်းလို့ ချောက်ကမ်းပါးနဖူးမှာ ပြုတ်မကျရုံ တည်းတည်းလေး ကိုင်ထားရသလို အရာရာကို လက်တွေ့ရင်ဆိုင်လာရတဲ့အခါ ကြောက်ရွံ့သလို ခံပြင်းစိတ်နဲ့ ရင်ဆိုင်ဖို့ အားမွေးရတာလည်း အကြိမ်ကြိမ်ပါပဲ။ အဲဒီစိတ်ခွန်အားလေးမှ မရှိခဲ့ရင်လည်း . . .။

'ဟိုရှေ့က အစ်မကြီး ရောက်ပြီဗျ၊ ဒီမှာ ဆင်းမှာမလား'

'ဪ ဟုတ်ကဲ့၊ ဒီကဆင်းပြီးရင် အထဲကိုသွားတဲ့လိုင်းကားရှိသေးလား'

'မရှိတော့ဘူးဗျ၊ အဲဒီရွာထဲကို ဘယ်လိုင်းကားမှ မသွားဘူး။ အစ်မ လမ်းကြုံလိုက်ချင်ရင် အသီးအနှံတွေ အုန်းချောဈေးပို့တဲ့ ထော်လာဂျီတွေ တစ်စီး၊ နှစ်စီး ရှိတတ်တယ်။ သူတို့ အပြန်နဲ့ကြုံရင်

လမ်းကြုံပြောပြီး လိုက်ကြည့်ပေါ့'

'ဟုတ်ကဲ့ ကျေးဇူးပါပဲ'

အိတ်ကလေးတစ်လုံးနဲ့ အပြန်လမ်းမှာတော့ ရွာထဲရောက်ဖို့ တော်တော်ပင်သွားရဦးမယ်။ ဖြူးဖြောင့်နေတဲ့ ကွန်ကရစ်လမ်းရှည်ကြီးကို တစ်မျှော်တစ်ခေါ် မြင်ရတော့ စိတ်ထဲမှာ အံ့သြမိတယ်။ ဒီလမ်းမကြီး တောင် ဘယ်တုန်းက ခင်းလိုက်ပါလိမ့်လို့။ ဪ ကျွန်မ မသွားခင်က ရွာထဲမှာ လမ်းခင်းမယ်ဆိုတဲ့အသံတော့ ကြားမိတယ်။ လမ်းအတွက် ကျွန်မတို့မိသားစုက တတ်နိုင်သလောက်ကို ပိုက်ဆံမထည့်နိုင်ခဲ့ပါ။ ဒီလမ်းမှာ ထော်လာဂျီနဲ့ လမ်းကြုံလိုက်ဖို့ ရေးရေးမှမမြင်။ လမ်းလျှောက် တာပဲ ကောင်းပါတယ်။ အရှေ့ဘက်ဆီက မြင့်မားလှတဲ့ တောင်တန်း၊ ဒီမြေ ဒီလေကို မရှူရှိုက်ရတာ ကြာခဲ့ပြီပဲ။

ဟော ဟိုရှေ့မှာဆိုရင် ကျွန်မ ငှားဖတ်နေကျ ကိုမြင့်တို့ စာအုပ်ဆိုင်လေး ရောက်တော့မယ်။ သူ့ကိုလည်း ဝင်နှုတ်ဆက်ရင်း မဖတ်ရ တာ ကြာပြီဖြစ်တဲ့ စာအုပ်ဟောင်း တစ်အုပ်နှစ်အုပ်လောက် ဆွဲခဲ့ဦးမှပဲလို့ ကိုယ့်အတွေးနဲ့ကိုယ်က အနီးအနားရောက်မှ မှားယွင်းနေမှန်း သိရတော့ တယ်။ မျက်လုံးထဲမှာ အနီတွေပေါ်က စာသားတွေက အူရီဒူး၊ အပြာ တွေပေါ်က စာသားတွေက တယ်လီနော၊ MPT ကြော်ငြာတွေလည်း ရှိရဲ့။ ဖုန်းဆိုင်အဖြစ် ပြောင်းလဲသွားတဲ့ အရင်က စာအုပ်ဆိုင်နေရာလေး၊ ဆိုင်လေးထဲမှာ ကိုမြင့်ကို တွေ့လိုက်ရတယ်။

'ကိုမြင့်'

'ဟာ အစ်မခင်သက် တူပါတယ်လို့ ကြည့်နေတာ။ ခရီးက ပြန်လာပြီလား'

'ပြန်လာပြီ ငါ နင့်ဆိုင်ကို အဝေးကနေ ကြည့်လာတာ အနီး ရောက်မှ ကြော်ငြာတွေနဲ့ ဖုန်းဆိုင်ဖြစ်နေတာကိုး။ စာအုပ်ဆိုင် မဖွင့်

တော့ဘူးပေါ့'

'အစ်မရေ ဒီရွာနားမှ အစ်မတစ်ယောက်ပဲ စာကို အင်တိုက်အားတိုက် ဖတ်တာ။ အစ်မ မရှိတော့ ဟုတ်တိပတ်တိ ဖတ်မယ့်သူတောင် မရှိတော့ဘူး။ ရွာထဲက လူငယ်ရော၊ လူကြီးတွေရောက စာမဖတ်ကြတော့ဘူး။ ဖုန်းထဲမှာပဲ ဖတ်နေကြတော့တာ။ ကိုယ်ကလည်း အဟောင်းကိုပဲ ပြန်ဝယ်တင်နိုင်တာဆိုတော့ စာအုပ်ထဲက သတင်းတွေက ဟောင်းပြီးရင်းဟောင်း ဖြစ်သွားရော။ ဖုန်းတွေက အိန္ဒြာကျော်ဇင် ခုဖွတ်ခနဲ ကလေးမွေး ဒေါက်ခနဲ ဖုန်းထဲကနေ ချက်ချင်းသိ။ အရင် စာအုပ်သရဲ မွေးနီမတောင် ဖုန်းပဲကလိနေတော့တာ။ ကျွန်တော်လည်း လိုင်းမပြောင်းမဖြစ် ပြောင်းရတာ'

ကိုမြင့်က သူ ဖုန်းဆိုင်ပြောင်းလိုက်ရခြင်းကို ရှည်ရှည်ဝေးဝေး ရှင်းပြတယ်။

'အစ်မ တွေ့ပါလိမ့်မယ်။ ခြံစိုက်ကြ၊ ပန်းစိုက်ကြတဲ့ သာထွေးတို့ အုပ်စု၊ မြောက်ပိုင်းက ဦးဖိုးထွန်းသမီး ခိုင်ခိုင်တို့အုပ်စု ပန်းစိုက်ရင်း၊ ခူးရင်း ဖုန်းထဲကနေ တီတီတာတာတွေ လုပ်နေကြတာ'

'ကိုမြင့်ဆိုင် အဆင်ပြေရင် ပြီးတာပါပဲ။ ကျွန်မကတော့ ဖုန်းလည်း မရှိသေးတော့ ကိုမြင့်စာအုပ်ဆိုင်လေးကို နှမြောနေတာ။ ကျွန်မက စာဖတ်ချင်တာ၊ စာသမားဆိုတော့ နောက်ကျရင် ကိုမြင့်ဆီ ဖုန်း အားပေးပါ့မယ်'

'ဒီခေတ်ကြီးထဲမှာ အစ်မလို စာကြိုက်တဲ့သူတွေက ရှားသွားပြီ။ ခုဖုန်းဆိုင်က အများကြီးလည်း မလုပ်နိုင်ပါဘူး။ ဖုန်း၊ ငွေဖြည့်ကတ် ရောင်းတာနဲ့ကို ထမင်းစားလို့ ရနေပြီ'

'အဲလောက်တောင်လား'

'ဟုတ်တယ်၊ ခု ရွာထဲမှာက ဝယ်နိုင်နေကြပြီလေ။ အစ်မ

ယောက်ျား သိလား အစ်မပြန်လာတာ'

'မသိဘူး ကိုမြင့်'

'ကျွန်တော် ဖုန်းဆက်ပေးရမလား။ မင်းမင်းဆီမှာ ဖုန်းရှိတယ် ပြောခိုင်းလိုက်မယ်လေ'

'မဆက်နဲ့ အစ်မ ဒီအတိုင်းပဲ သွားမလို့။ သူ နေကောင်းတယ် မလား'

'လွန်ခဲ့တဲ့ လေးငါးရက်က တွေ့တယ်၊ ကောင်းပါတယ်။ အစ်မ ကိုတော့ ချီးကျူးနေကြတာ'

ဘာကိုချီးကျူးနေကြတာလဲ မသိချင်တော့ပါ။

* * *

'ကဲ ကဲ သွားဦးမယ်'

'ဟုတ်အစ်မ အစ်မ အံ့ဩအောင်လုပ်မလို့လား'

'အင်း ဆိုပါတော့'

ကိုမြင့်ပြောမှပဲ ပြောင်းလဲခြင်းတချို့ကို သိရတော့တယ်။ အရင်က လမ်းတောင် သိပ်မပေါ်တဲ့လမ်း၊ ခု လမ်းကြီးပေါ်လာပြီ။ ကိုမြင့်ရဲ့ ဆောင်းဦး စာအုပ်ဆိုင်လေးကနေ ဖုန်းဆိုင်ဖြစ်သွားပြီ။ လမ်းကောင်းသွား ပြီဆိုတော့ အရင်က လူမနေတဲ့နေရာတွေ ဈေးကောင်းတော့မှာပဲ။ လမ်းမှာ ဆိုင်ကယ်တွေနဲ့ လူငယ်တော်တော်များများကို တွေ့ရတယ်။ သူတို့က လမ်းရှင်းနေတော့ ခပ်ကြမ်းကြမ်းမောင်းရင်း ပါးစပ်ကလည်း ဝူး . . . ဝါးနဲ့ အော်သွားကြတယ်။ ပိုက်ဆံပါနေတဲ့ အိတ်လေးကို ကျစ်ကျစ်ပါအောင် လိမ်ရင်း လမ်းဘေးဆင်းလျှောက်ရတယ်။ ဒီကလေး တွေပုံစံက မြို့က လူငယ်တွေပုံစံပါ။ သူတို့တွေ ဒီထဲကနေ ထွက်ထွက် လာကြတယ်။ ဘယ်ကများ လာကြတာပါလိမ့်လို့ စဉ်းစားမိတယ်။

စဉ်းစားရင်းနဲ့ တွေးမိတာ ကျွန်မ ထွက်မသွားခင် ဒီဘက်မှာ ပေါ်လာတာ ဒီးဒုတ်ရေတံခွန်လို့ခေါ်တဲ့ ရေပြာအိုင်။ အဲဒီကပြန်လာတဲ့ လူငယ်တွေဖြစ်လောက်တယ်။ တချို့လည်း ဆိုင်ကယ်ပေါ်မှာ ရေရွှဲ ရေစိုနေတဲ့ အဝတ်အစားတွေနဲ့ ပြန်လာကြတယ်။ အရင်က ဒီဘက်ပိုင်းမှာ ဒီထက်ပိုပြီး အဆမျှားစွာ အေးတယ်။ ခုတော့ အရင်ကလောက် မအေးတော့။ တောင်ကျမြူတွေ ဆိုင်းတဲ့အချိန်လည်း ကျော်ခဲ့ပြီကိုး။

အုတ်တံတိုင်းဝင်းခတ်ထားတဲ့ ခြံကျယ်ကြီးရှေ့ရောက်တော့ နည်းနည်း မောလာတယ်။ လမ်းလျှောက်လာတာလည်း ကြာခဲ့ပြီ။ သစ်ပင်ရိပ်လေးအောက် ခဏဝင်နားတုန်း ဝင်းခတ်ထားတဲ့ဘေး သစ်ပင်တွေကြားထဲက တောင်းတစ်တောင်းနဲ့ အေးသီကို တွေ့လိုက်တယ်။

'အေးသီ . . . အေးသီမဟုတ်လား'

'ဟော မခင်သက်ကြီးတော့် ပျောက်နေတာ ကြာလှပေါ့။ ခု ဘယ်ကပြန်လာသတုံးတော်'

'လာပါဦး အေးသီ နင်တို့ နေကောင်းကြလား။ အရီးလှတို့ လင်မယားရော'

'ပြော ပြောချင်ပေါင်တော်'

'ဘာဖြစ်လို့တုံး အရီးလှတို့နေရာက အုတ်တံတိုင်းကြီးခတ်ထားလို့ အံ့ဩနေတာ'

'မခင်သက်ရေ အရီးလှတို့လင်မယား ပျောက်ခြင်းမလှ ပျောက်သွားတာ သုံးလလောက်ရှိပြီ'

'ဟယ် ဘာဖြစ်လို့လဲ အေးသီရဲ့'

'ဒီ ကွန်ကရစ်လမ်းကြီးလည်း ပြီးသွားရော ရွာထဲကို မြေရောင်းမလားဆိုပြီး ချောင်ထဲထိ လိုက်ပြီးမေးလာကြတယ်။ ဈေးကလည်း တော်တော်ပေးပါသကော။ ရွာသားတွေက စဉ်းစားနေတုန်း အရီးလှ

ခြံကြီးကို ဘယ်ပွဲစားနဲ့ ဈေးတည့်သွားလဲ မသိဘူး။ ဈေးက သိန်းတစ်သောင်းတောင်'

'ဘာရယ် သိန်းတစ်သောင်းပေးတယ် ဟုတ်လား'

ကိုယ့်နားကိုယ်တောင် မယုံနိုင်။

'မခင်သက် စဉ်းစားကြည့်။ အရီးလှနဲ့ ဦးထွန်းခက ဒီနေရာကို အစောဆုံးရောက်လာတဲ့ လင်မယားနှစ်ယောက်။ သူတို့ စရောက်တုန်းက ကျားတွေ၊ ဆင်တွေတောင် တွေ့ရတယ်တဲ့။ လူမနေတဲ့ ဒီတောအုံကြားထဲ နေရာမရှိလို့ ရောက်လာပြီး ဝါးတဲနဲ့ နေကြတယ်။ ဦးထွန်းခက နေ့တိုင်း အရက်သောက်တယ်။ မီးသွေးဖုတ်ရောင်းသလို တောင်ပေါ်တက် ထင်းခွေနဲ့ သူတို့လက်ထဲ တစ်ထောင်တန်တစ်ရွက်တောင် အနိုင်နိုင် ကိုင်ရတာ၊ အရီးလှကဆို သူ့ယောကျ်ားအတွက် အရက်ကို နေ့တိုင်း အုန်းချောဘက်ထိ သွားဝယ်ပေးရတာ။

'ဒီလိုလူမျိုးဆီကို မိုးပေါ်ကကျလာသလို ငွေထုပ်ကြီး ရောက်လာခဲ့တယ်။ သူတို့နေလို့သာ သူတို့ပိုင်သလို ဖြစ်နေတာ။ နောက်ဆုံး ဒီခြံကျယ်ကြီးကို ရောင်းလိုက်ပြီလို့ ကြားတယ်။ အဟုတ်ပဲ လင်မယားနှစ်ယောက်စလုံး ပိုက်ဆံတွေရတော့ ဘယ်သူ့မှ အယုံအကြည်မရှိတော့ဘူး။ ကျိတ်ကျိတ်နဲ့ ဘာတွေဘယ်လောက်ရမှန်း၊ ဘယ်လိုငွေချေမှန်းလည်း ဘယ်သူမှ မသိခဲ့ကြဘူး။ နောက်ဆုံး သတင်းကြားတာကတော့ စရန်ငွေ သိန်းတစ်ရာကို လာပေးခဲ့တယ်တဲ့။ အဲဒီ သိန်းတစ်ရာက မျက်မြင်အထုပ်လည်း ဖြစ်လာရော လင်မယားနှစ်ယောက် ညလည်း အိပ်မပျော်တော့ဘူး။ အိမ်အပြင်လည်း မထွက်ရဲတော့ဘူး။ သူခိုးခိုးခံရမှာ ကြောက်နေကြတယ်။ ရွာက လူကြီးတချို့ အကြံပေးတာလည်း လက်မခံဘူး။ ဦးထွန်းခက အရက်ကို ဖာလိုက်ဝယ်သောက်တယ်။ အရီးလှက ထုံးစံအတိုင်း အုန်းချောထိ သွားဝယ်ပေးတယ်။

'နောက်ဆုံး အိမ်ကရှိတဲ့ ပစ္စည်းတွေတင်ပြီး ထော်လာဂျီပေါ် လင်မယားနှစ်ယောက် ပါသွားတာကို မြင်ပြီးတဲ့အချိန်ကစပြီး ဒီရွာကနေ သူတို့ ပျောက်သွားကုန်ကြတော့တာပဲ။ တစ်လလောက် မရှိတရှိမှာ လူတော်တော်များများနဲ့ အရီးလှတို့ခြံကြီးကို ဒီအုတ်ဝင်းတံတိုင်း မျက်စိ တစ်ဆုံး လာခတ်သွားတော့တာပဲ မခင်သက်ရေ'

'ဩော် စိတ်မကောင်းဖြစ်ရမှာလား၊ ဝမ်းသာရမှာလားတောင် မသိတော့ပါဘူး။ ဒီလို တောမှာ အုတ်တံတိုင်း အပုံစားခတ်ထားတယ်ဆို တော့ အတော့်ကို ချမ်းသာတဲ့လူမျိုးတွေ ဖြစ်မှာပဲ။ ခုပြောပြောနေကြတဲ့ ဘာခရို၊ ခရိုနီဆိုလား အဲလိုလူမျိုးတွေ နေမှာပေါ့'

'ဟုတ်မှာပေါ့၊ အစ်မအမျိုးသား ကျန်းမာရေးကောင်းလား'

'ဆက်ကုဖို့လုပ်ရဦးမှာ အေးသီရေ ကဲ သွားဦးမယ်'

'ဟုတ်ကဲ့ အိမ်လာလည်ဦးမယ်'

အေးသီကို နှုတ်ဆက်ပြီး ခပ်မြန်မြန်ပဲ လမ်းလျှောက်လိုက်တယ်။ လမ်းကြုံရှိရင် ကောင်းမှာပဲ။ ပြောင်းလဲခြင်းတွေကို လမ်းတစ်လျှောက်လုံး တွေ့နေရတော့ အိမ်မှာရော ဘာတွေပြောင်းလဲနေပြီလဲလို့ အပူစိတ် သောကတွေ လွှမ်းမိုးလာတယ်။ ဩော် တစ်သက်လုံးနေခဲ့တဲ့ အရီးလှ တို့ လင်မယား ဘယ်ရောက်သွားကြပြီလဲ။

* * *

(၄)

မကျယ်လှသော ခြံလေးထဲမှာ စားပင်တချို့နဲ့ စိုက်ပျိုးရင်း ခြေတံ ရှည်သွပ်မိုးအိမ်ကလေးထဲ မိသားစုသုံးယောက် စိတ်ချမ်းမြေ့ အပူကင်းစွာ ပဲ နေလိုက်တော့တယ်။ ကျွန်မရဲ့အိမ်လေးဆီ ရောက်ခါနီးလေ ခြေလှမ်းတွေ က ပိုသွက်လာခဲ့ပြီ။ အိမ်ရှေ့ရောက်တော့ ခြံထဲက သစ်ပင်အောက်မှာ

သားလေးကို နောက်ကျောပေးလျက် ကစားနေတာကို တွေ့ရတယ်။ သူ့ခမျာ တစ်ယောက်တည်း ကစားနေရရှာတယ်။

'သား သားရေ'

သားက ရုတ်တရက် ကျွန်မ ခေါ်လိုက်တာကြောင့် ကိုယ်လေး တုန်သွားတယ်။

'ဟာ အမေပြန်လာပြီ'

သားနဲ့ကျွန်မ လုံးထွေးပွေ့ဖက်လိုက်ကြတယ်။

'အဖေ အမေပြန်လာပြီဗျ၊ အမေက ကြာလိုက်တာ'

'သားရော၊ အဖေရော အမေ့ကို လွမ်းလှပြီ'

သားကပြောရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပါ တယ်။

'မငိုပါနဲ့သားရယ်၊ အမေလည်း လွမ်းတာပါပဲ။ သားအဖေ နေကောင်းရဲ့လား'

'သက်'

'မောင်'

လှေကားထိပ်ကနေ လှမ်းခေါ်တဲ့ မောင့်ဆီ အပြေးအလွှား သွားမိ တယ်။

'မောင် မဆင်းခဲ့နဲ့၊ သက် တက်လာခဲ့မယ် လာ သား'

'သက်ရယ် မင်းတကယ် ပြန်ရောက်လာသေးတယ်နော်'

'ယောကျ်ား နေကောင်းတယ်နော်၊ သက် ဟိုမှာ နေမကောင်း တော်တော်ဖြစ်လိုက်တယ်'

'အဲဒါကြောင့် စိတ်ပူတာ။ လူမမာအတွက် သွားတဲ့သူက လူမမာ ဖြစ်မှာကို သိပ်စိတ်ပူတာပဲ။ သက် ပိန်သွားတယ်'

'မောင်နဲ့သား နေကောင်းတယ်ဆိုတာ ရွာအဝင်ကတည်းက

ကြားခဲ့ရလို့ ဝမ်းသာနေတာ'

'သက် နေမကောင်းဖြစ်တော့ ပြန်ချိန်ထက် တော်တော်နောက်ကျသွားတယ်။ မောင့်ကြည့်ရတာ တော်တော့်ကို ဟုတ်နေသလိုပဲ'

'မိန်းမက မှာခဲ့တယ်လေ မင်းကိုချစ်ရင် ရောဂါကို ရအောင်တွန်းလှန်အနိုင်ယူဆို'

'ဟုတ်ပါတယ် ကျေးဇူးတင်ပါတယ်။ သားရေ သားလိုချင်တဲ့ စက်ဘီး အမေဝယ်ပေးမယ် သိလား'

'ဟာ တကယ် ပျော်လိုက်တာ'

'အမေ ခရီးသွားနေချိန် သားအဖေကို နေကောင်းအောင် စောင့်ရှောက်ပေးလို့ လက်ဆောင်ပေးမှာ'

'သက်ရေ သားက မှာထားတဲ့အတိုင်း အတိအကျလိုက်နာတာ သက်အတိုင်းပဲ'

'အမေ ဗိုက်ဆာလာမှာပဲ၊ သား အောက်မှာ ထမင်းသွားချူးလိုက်မယ်နော်'

'အေး သား လာပါဦးသားရယ် မွှေးချင်လွန်းလို့၊ အရပ်ရှည်လာတယ်'

သားကို အားရစွာ နမ်းလိုက်တယ်။

'ထမင်းချူးပြီးရင် ခေါ်လိုက်မယ်နော်'

'အေး သား'

'သက်'

'ပြောလေ မောင်'

'သက်ကို သားမရှိတုန်း အားရပါးရ ပွေ့ဖက်ချင်တယ်'

မောင်က ပြောရင်း မျက်ရည်တွေကျလာတယ်။ မောင့်ရဲ့ ဝမ်းသာဝမ်းနည်းမှုတွေ အောင့်ထားရမှန်း သိပါတယ်။

'မောင် ဝမ်းမနည်းပါနဲ့ ကွယ် သက် ပြန်ရောက်လာပြီပဲ'

ကျွန်မနဲ့ မောင် တစ်ဦးနဲ့ တစ်ဦး လွတ်ထွက်မသွားတတ် ပွေ့ဖက်ထားလိုက်ကြတယ်။ ဒီရင်ခွင်ထဲ ကျွန်မ ခိုနားခွင့်ရလိုက်ချိန်မှာတော့ ပင်ပန်းမှုတွေ ပြေပျောက်ခဲ့ရပါတယ်။

* * *

(၅)

မောင် ညက အိပ်မပျော်ဘူးဆိုတာ ကျွန်မ သိတယ်။ မောင့်စိတ်ထဲ တစ်ခုခုပြောချင်နေတယ်၊ ရှိနေတယ်ဆိုတာ သိသာတယ်။ ကျွန်မ လက်ရှိရလာတဲ့ ငွေနဲ့ စာရင်းတွက်ကြည့်နေတယ်။ မောင့်ကို ပြောပြလည်း စိတ်ဝင်စားပုံမပေါ်။ မောင့်အတွက် ဆေးကုသစရိတ်က ပထမဦးစားပေး၊ သားအတွက် စက်ဘီးကလေး၊ ပျိုးပင်တွေအတွက် ဓာတ်မြေဩဇာနဲ့ အခြားအသုံးစရိတ်၊ မသွားခင်ကအကြွေးကို ပြန်ဆပ်ဖို့၊ အိမ်ကလေးကို ဒီထက် သပ်သပ်ရပ်ရပ်လေးပြင်ဖို့။ အကြွေးကင်းကင်းလေးနဲ့ ကျွန်မတို့မိသားစု နေနိုင်ဖို့ အရေးကြီးတယ်။

မောင်က ကျွန်မခရီးကိစ္စကို မမေး၊ ပြောသလောက်သာ နားထောင်တယ်။။ ဒါပေမဲ့ ကျွန်မ မောင့်အကြောင်းကို သိပါတယ်။ မောင့်စိတ်ထဲ ခံစားနေရတယ်။

'မောင် အိပ်မပျော်ဘူးလားဟင်'

'ဟုတ်တယ် သက်၊ သက် အသက်ခန္ဓာနဲ့ ရင်းပြီး ရလာတဲ့ငွေကို သုံးစွဲရမှာ ကိုယ့်ကိုယ်ကိုယ် မသတီချင်ဘူး။ မောင် ကျေးဇူးပြန်ဆပ်မယ်'

'အဲဒီလိုပြောစရာလား မောင်ရယ်၊ မောင်နေကောင်းရင် သက်ကို ကျေးဇူးဆပ်တာနဲ့ အတူတူပဲ'

'မောင် မဖွေးအကြောင်း ကြားတော့ အရမ်းကြောက်သွားခဲ့တယ်။

သူက ပြန်မလာတော့ဘဲ ဟိုမှာ တရားဝင်ယူပြီး နေလိုက်ပြီတဲ့။ သက်က မိခင်စိတ်ရှိတဲ့သူပါ'

'သက်လည်း ကြားခဲ့ပါတယ်'

တကယ်တော့ မဖွေးက မောင်ထင်သလို မဟုတ်ဘူး။ ဒီမှာ သူ့နာမည်မပျက်အောင် ပြောတာပါ။ တကယ်တော့ မဖွေးက အငှား ကိုယ်ဝန်ဆောင် မွေးပေးရတာမဟုတ်ဘဲ အပျော်မယားဘဝနဲ့ ကလေး သက်သက် မွေးပေးရတယ်။ တစ်ယောက်မွေးပြီးရင် နောက်လူ တစ်ယောက်ကို လွှဲလိုက်ပြီး နောက်လူတစ်ယောက်ရဲ့ အပျော်မယား ဘဝနဲ့ ကလေးမွေးပေးရတယ်။ ဒီလိုနဲ့ မြန်မာဆင်းရဲသား အမျိုးသမီး တွေက သူတို့လူမျိုးစုတွေအတွက် ကလေးမွေးစက်ရုံကြီးလို တစ်ယောက် ပြီးတစ်ယောက်မွေးရင်း အခန့်မသင့်ရင် အသက်ဆုံးရတယ်။ ကျန်းမာ ရေး မကောင်းရင် ရှာထားသမျှ ပင်ပန်းထားသမျှ ကုန်တာပဲ။

ကလေးမွေးဖို့များ လူလိုရင် ပွဲစားတွေကနေတစ်ဆင့် မြန်မာ မိန်းကလေးတွေကို ရှာကြတယ်။ မဖွေးလိုလူမျိုးက ဒီမှာ ယောကျ်ား အရက်သမားနဲ့ ကလေးတစ်ယောက်ပဲရှိတယ်။ ကလေးကို သူ့အမျိုး တွေ ခေါ်ထားတယ်။ ယောကျ်ားရဲ့ အကြင်နာမဲ့ နှိပ်စက်တဲ့ဒဏ်ကို မခံနိုင်တဲ့အဆုံး သူ အဲဒီလမ်းကို ရွေးချယ်လိုက်တယ်။ အပြစ်တင်ဖို့ရာ လည်း ခက်ခဲပါတယ်။ တစ်ဖက်က ပိုက်ဆံရချင်သူ၊ တစ်ဖက်က လူကို အသုံးချချင်သူ။ ရုန်းကန်ရင်း ဘဝက ခါးသီးစရာကောင်းနေတာ တွေက ဒုနဲ့ဒေးပါ။

ကျွန်မကတော့ မောင်နဲ့သားရှိရာ မရောက်ရောက်အောင် ပြန်လာ မှာပဲ။ မောင်က ကျွန်မကို စွန့်လွှတ်လိုက်ရပြီလို့ တွေးများတွေးခဲ့လေ သလား။ မောင့်ကို မဖွေးအကြောင်း အသေးစိတ်တော့ မပြောတော့ပါ။

မနက်မိုးလင်းတော့ အံ့ဩစရာကောင်းစွာ အရှေ့ဘက်တောင်တန်း

မှာ တောင်ကျမြူတွေ ဆိုင်းလို့ပါလား။ မောင့်ကိုလည်း ထခိုင်းပြီး ကြည့်ခိုင်းလိုက်တယ်။

'ဟုတ်ပါရဲ့ သက် ပြန်ရောက်လာလို့ထင်တယ်။ ညက သက် ပြန်ရောက်လာတာကို ဟုတ်မှ ဟုတ်ရဲ့လားဆိုပြီး ခဏခဏ စမ်းနေမိတယ်။ အိပ်မက်လိုပဲ'

'အိပ်မက်မဟုတ်ဘူး တကယ်ပါ'

'မောင် မျက်နှာသစ်၊ ထမင်းပူပူလေး စားပြီးရင် မြူတွေဆိုင်းတဲ့ ဘက် သားလေးနဲ့ သွားကြည့်ရအောင်'

မိုးလင်းစမှာ အိပ်ပျော်သွားတဲ့ မောင့်မျက်ဝန်းလေးက ချောင်တောင်တောင်ဖြစ်နေတယ်။ အိပ်ရေးပျက်ခဲလို့ မဖြစ်ဘူး မောင်။ မောင့် အတွေးတွေထဲက တစ်စုံတစ်ခုကို ထုတ်ပစ်နိုင်အောင် သက် ကြိုးစားပါ့မယ်။ မျက်နှာသစ်ပြီး လှေကားကနေတက်လာတဲ့ မောင့်ကို တဘက်နဲ့ သုတ်ပေးလိုက်တယ်။

'မောင် မောင့်ရင်ထဲက အရမ်းသိချင်ပြီး သက်ကို မမေးဖြစ်တဲ့ စကားတစ်ခွန်း ရှိတယ်ဆိုတာ သက် သိတယ်ဆိုရင် ယုံမလား'

မောင်က ဘာမှမပြော နှုတ်ဆိတ်စွာ ငေးကြည့်နေတယ်။

'သက် စိတ်ထဲမှာ ဘာမှ လျှို့ဝှက်ထားစရာမလိုသလို မောင် သိချင်နေတဲ့ အရာတစ်ခုက မောင့်စိတ်ကို အမြဲတမ်း မေးနေလိမ့်မယ်။ အဲဒီအဖြေတစ်ခုက မောင် စိတ်သက်သာရာ ရချင်လည်းရမယ်၊ မရရင်လည်း မရနိုင်ဘူး။ ဒါပေမဲ့ အဲဒီအဖြေတစ်ခု၊ စကားတစ်ခွန်းဟာ မောင်နဲ့ကျွန်မကြား ဝေးကွာတဲ့နယ်နိမိတ် ဘယ်တော့မှဖြစ်မှာ မဟုတ်ဘူးဆိုတာ သိစေချင်တယ်'

မောင်က ခပ်ဆွေးဆွေးပဲ ကျွန်မကို စိုက်ကြည့်နေတယ်။ ရင်ထဲမှာ မွန်းကျပ်လွန်းနေတယ် မဟုတ်လား။

'အဲဒီက ကလေးမရနိုင်တဲ့ တရုတ်လင်မယားနှစ်ယောက်ကို သက် မွေးပေးခဲ့တာ သားယောက်ျားလေးပါ'

ဒါဟာ မောင်သိချင်တဲ့ အဖြေတစ်ခု မဟုတ်လား။ ကျွန်မကို မိခင်စိတ်ရှိတဲ့သူလို့ မောင်သေချာပြောခဲ့တာ သိပါတယ်။ ကိုယ်တိုင် အငှားကိုယ်ဝန်ဘဝနဲ့ လွယ်ပြီး ခက်ခဲစွာ မွေးပေးခဲ့တဲ့ အဲ့ဒီကလေးရဲ့ မျက်နှာကို ကျွန်မ တစ်ချက်မှ မကြည့်ခဲ့ပါဘူး။ မကြည့်ဖို့လည်း ဆုံးဖြတ်ထားတယ်။ ကျွန်မမှာ မြန်မာနိုင်ငံမှာ ကျန်ခဲ့တဲ့ သား တစ်ယောက်ပဲရှိတယ်လို့ ဘဝမှာ သိထားချင်လို့ပါ။ ဒီလိုလုပ်ခြင်းဟာ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်ပဲ ဖြစ်ပါလိမ့်မယ်။ မောင်နဲ့သား ကို ကျွန်မ သိပ် ချစ်တယ်။

မောင်က ဘာမှမပြောပါ။ ကျွန်မပခုံးကိုသာ တင်းကျပ်စွာ ဖက် ထားလိုက်ပါတယ်။

တောင်ကျမြူတွေက အရင်နှစ်တွေကထက် သိပ်သည်းစွာ ဆိုင်း ညို့နေခဲ့ပြီ။ သားလေးက မြူတွေထဲမှာ ပြေးဆော့လို့။ မောင့်လက်နဲ့ ကျွန်မလက်ကတော့ မြူတွေကြားမှာ နွေးထွေးခိုင်မြဲစွာ ဆုပ်ကိုင်ထား လျက်။

**အမှတ် ၃၁၃၊ ဒီဇင်ဘာ၊ ၂၀၁၅**

**ရွှေအမြုတေမဂ္ဂဇင်း**

❖